မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း ၃ရက်၊ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ရက်၊ တနင်္လာနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၃၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဆားဘီးယားသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆားဘီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘောရစ်တာဒစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ဆားဘီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဆားဘီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမီယကို ဇက်ဗ်ကိုဗစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်းတို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကင်ဂျုံအီး၏ မွေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Kim Sok Chol နှင့် ဇနီးတို့က ကြိုဆိုကြစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ကိုရီးယားဒီမိုကရက်တစ်နိုင်ငံ အမျိုးသားကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာကင်ဂျုံအီး၏ မွေးနေ့အထိမ်းအမှတ်အခမ်းအနား တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်းတို့သည် ယမန်နေ့ညနေ ၆နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ ချန်ထရီယံဟိုတယ်၌ကျင်းပသည့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကင်ဂျုံအီး၏ မွေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Kim Sok Chol နှင့် ဇနီးတို့က ကြိုဆိုကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့်ဇနီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဒေသတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို မြှင့်တင်ဖြည့်ဆည်းပေးနိုင်တော့မည့်

ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီး

သတင်းဆောင်းပါး	-	ရန်ကြီးအောင်
ဓာတ်ပုံမှတ်တမ်း	-	မြန်မာ့အလင်းနှင့် ကျော်ဇေယျ (သတင်းစဉ်)
စာမျက်နှာဖွဲ့စည်းမှု	-	လှဲ့လှဲ့ဝင်း (မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၁၄

၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၈ရက် နံနက်ခင်း....။

အညာဆောင်းက အေးအေးမြမြ၊ ချမ်းချမ်းစိမ့်စိမ့်....။

သို့သော် ကန့်ဘလူ နယ်သူနယ်သားများကား ရာသီဥတု၏ ချမ်းအေးမှုဒဏ်ကို အမှုမထား။ သစ်လွင်တောက်ပ ခံ့ညားထည်ဝါလှသည့် အဆောက်အအုံသစ်ကြီး တစ်ခုရှေ့တွင် ပျော်ပျော်ပြုံးပြုံး၊ အုန်းအုန်းကျွက်ကျွက်။

တက်ကြွပျော်ရွှင်

ထိုအဆောက်အအုံကြီးသည်ကား ကန့်ဘလူမြို့တွင် နေ့ချင်း ညချင်း ဆိုသလို ပေါ်ထွန်းလာခဲ့သည့် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီးပင် ဖြစ်တော့သည်။ ကန့်ဘလူနယ်သူနယ်သားများသည်လည်း ထိုနေ့တွင် ကျင်းပသည့် အဆိုပါ ဆေးရုံသစ်ကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ကြွပျော်ရွှင်စွာဖြင့် တက်ရောက်လာကြခြင်းဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ❍

ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကို သစ်လွင်တောက်ပ ခံ့ညားထည်ဝါစွာ ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း

15-2 (01).pmd 1 2/15/2010, 1:28 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်)

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ရှေးဟောင်းသမိုင်းအထောက်အထားများ သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၇ရက်နေ့က နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၏ ဘက်စုံခန်းမ၌ ကျင်းပခဲ့သည်။

ယင်းစာတမ်းဖတ်ပွဲတွင် အညာသားကျောက်ခေတ်မလေ့ နယ်နိမိတ်တိုးချဲ့ခြင်း အထောက်အထားများစာတမ်း၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဗိဿနိုးမြို့ဟောင်းတူးဖော်မှုမှတွေ့ရှိခဲ့ရသော ယဉ်ကျေးမှုအထောက်အထားများကို လေ့လာသုံးသပ်ခြင်းစာတမ်း၊ ဟန်လင်းကြေးခေတ်နှင့် ကျောက်ချောခေတ် သုတေသနစာတမ်းနှင့် ပထမအကြိမ် ဝတီးမြို့ဟောင်းတူးဖော်မှု ၂၀၀၈-၂၀၀၉ခုနှစ်မှ ထူးခြားသောတွေ့ရှိချက် အထောက်အထားများ စာတမ်းတို့ကို ဖတ်ကြားတင်သွင်းခဲ့ကြသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနအတွင်း ယခုကဲ့သို့ စာတမ်းဖတ်ပွဲများ ကျင်းပခြင်းအားဖြင့် သုတေသနဆိုင်ရာ အသစ်တွေ့ရှိချက်များကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ယင်းသို့ ဆောင်ရွက်နိုင်သည်နှင့်အမျှ ဌာနအချင်းချင်း ပညာရပ်ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းနိုင်ပြီး ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ရှေးနှစ်ပေါင်းများစွာကတည်းကပင် မြန်မာနိုင်ငံသည် ကိုယ်ပိုင်ယဉ်ကျေးမှုများဖြင့် ကမ္ဘာပေါ်တွင် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်လာခဲ့ပြီး ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်၊ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတို့ကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်။

'ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပါပျောက်နိုင်သည် 'ဟူသော စကားကိုအမှတ်သညာပြု၍ မြန်မာတို့သည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်၊ ဓလေ့ထုံးတမ်းများကို ရှေးယခင်ကပင် ကာကွယ်ထိန်းသိမ်းလာခဲ့သည်။ ယဉ်ကျေးမှုအမွေအနှစ်၊ ဓလေ့ထုံးတမ်းများကို ကာကွယ်ထိန်းသိမ်းခြင်းသည် နိုင်ငံ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းခြင်းလည်းဖြစ်ပေသည်။

တစ်နည်းအားဖြင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေခြင်း၊ သုတေသနပြုခြင်း ထိန်းသိမ်းခြင်းတို့သည် အမျိုးသားရေးတာဝန်တစ်ရပ်ကို ထမ်းဆောင်ခြင်းပင်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ သမိုင်းအထောက်အထားများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတို့သည် ၎င်းဖြစ်တည်ရှင်သန်ခဲ့သော ပထဝီအနေအထားနှင့် တူးဖော်တွေ့ရှိရသည့် အထောက်အထားများက သက်သေပြုလျက်ရှိသည်။ တူးဖော်တွေ့ရှိရသည့် အထောက်အထားများကို အခြေပြုလျက် သုတေသန စာတမ်းများကို ဖတ်ကြားတင်သွင်းခဲ့ကြခြင်း ဖြစ်သည်။

မြန်မာ့သမိုင်းဆိုင်ရာ အထောက်အထားများကိုတူးဖော်၍ သုတေသနပြုခြင်းသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ အခွန့်ရှည်ကြာတည်တံ့ရန် ကာကွယ်ထိန်းသိမ်းခြင်းဖြစ်ရာ တိုင်းရင်းသားပြည်သူများကပါ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဇန်နဝါရီ ၂၃ရက်က အထက(၃) တာမွေ၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် တတိယတန်း၌ ပညာရည်ချွန် ပထမဆုနှင့် မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုများရရှိသော စတုတ္ထတန်း(က)မှ မနှင်းမြတ်အိန္ဒြေအား ကျောင်းအုပ်ဆရာကြီး ဦးသိန်းလွင်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်အား စီမံချက်မန်နေဂျာနှင့် ဌာနေကိုယ်စားလှယ်တို့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ကမ္ဘာ့ရန်ပုံငွေအဖွဲ့ စီမံချက်မန်နေဂျာ Mr. Chrishan Thuraisingham၊ စီမံချက်အရာရှိ Ms. Izaskun Gaviria နှင့် ကုလသမဂ္ဂ အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးအစီအစဉ် (UNAIDS)မှ ဌာနေကိုယ်စားလှယ် Dr. Sun Gang တို့သည် ဖေဖော်ဝါရီ ၁၁ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် ငှက်ဖျား၊ တီဘီနှင့် ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအတွက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ ရရန်ရှိသည့် ရန်ပုံငွေကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး)၊ ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ၊ ငှက်ဖျား၊ တီဘီ၊ခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်များမှ စီမံချက်မန်နေဂျာများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထပ်ပိုးလွှာခင်း

ဇန်နဝါရီ ၂၆ရက်က မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်း မိုင်တိုင်အမှတ် ၁၁၂/၀မှ ၁၁၃/၄ အထိ ၁မိုင် ၄ဖာလုံကို ကတ္တရာထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းအား ဂန့်ဂေါခရိုင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ခရိုင်အင်ဂျင်နီယာမှူး ဦးဝင်းလှိုင်နှင့် လုပ်ငန်းအင်ဂျင်နီယာ ဦးကျော်မိုးထွန်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (ဝ၇၁)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)
၁၆-၂-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် **(အင္ဂုနာနင်္ဂုယသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင် (အလှည့်)
၈း၄၀ တေးပဒေသာ
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ (ခေါက်ဆွဲကြော်နှင့် ကြာဆံကြော်)
၁၀း၅၅ တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ Talk on Line(ကျားပေါက်)
၁၁း၅၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန် Current Song (10) တေးပဒေသာ
၁၂း၄၀ ပြုံးပဒေသာ (ဟာသကမ္ဘာ-၇)
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ် (ဘီအီးဒီ-ဇီဝဗေဒသင်ပြနည်း) တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ (ပထဝီဝင်)
၁၇း၀၀ မေတို့တွက်တာ အလှကမ္ဘာ (နေရောင်ခြည်နှင့် တစ်ကိုယ်ရေသန့်ရှင်းမှု)
၁၇း၁၀ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၇း၄၅ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၂၇)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၃၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁) လှရက်ပါပေ့ကွယ် (ဘဝ-ဒဿန-ရသဝတ္ထုများ) အောင်ပန်းချောင်းသား(ရေစကြို) တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ဇာတ်လမ်းပမာနားဆင်စရာ (ရင်ခုန်ရသောထိုတစ်နေ့)
၁၉း၃၀ သူ့ခေတ်သူ့အခါ တေးကမ္ဘာ နိုင်ငံရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ တေးစီးရီး (လမ်းမခွဲကြေး-အေသင်ချိုဆွေ) စီးပွားရေးဦးတည်ချက်
၂၁း၀၀ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၂၁း၁၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

တောင်ဒဂုံမြို့နယ် (၅၄)ရပ်ကွက် သဇင်လမ်း အမှတ်(၅၄၃)နေ သမီး မဥမ္မာသန်း၊ သားမောင်ကျော်မင်းသန်း၊ သမီးမကြူကြူသန်း၊ မြေး မအိန္ဒြေကြည်ဖြူမင်းတို့က ဖခင်ကြီး ဦးကျော် (၁၈)နှစ်ပြည့်နှင့် မိခင်ကြီး ဒေါ်ခင်သန်းတို့အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၁၈၀၀၀ လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးက လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

e-Telegram Prepaid Card အကြောင်း သိကောင်းစရာဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၄

e-Telegram လုပ်ငန်းနှင့် e-Telegram Prepaid Card အကြောင်း သိကောင်းစရာဟောပြောပွဲကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၁၀နာရီက မအူပင်မြို့ ကွန်ပျူတာတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါဟောပြောပွဲသို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ရုံးချုပ်) လုပ်ငန်းနှင့် စစ်ဆေးရေးဌာန(ကြေးနန်း) လက်ထောက်အထွေထွေမန်နေဂျာ ဦးခင်မောင်ညွှန့်နှင့် အဖွဲ့ဝင်များ၊ ပုသိမ်မြို့ ဧရာဝတီတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စီမံကိန်းနှင့်လုပ်ငန်းဌာန(ကြေးနန်း) လက်ထောက်မန်နေဂျာ ဦးအောင်သင်းဦး၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညွန့်စိန်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီးဒေါက်တာဒေါ်နှင်းမင်းဦးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ရုံးချုပ်) လုပ်ငန်းနှင့် စစ်ဆေးရေးဌာန လက်ထောက်မန်နေဂျာ ဒေါ်နွယ်နွယ်အောင်က e-Telegram လုပ်ငန်းအကြောင်းနှင့် e-Telegram Prepaid Card အကြောင်းသိကောင်းစရာများကို ဆွေးနွေးဟောပြောပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်
သီပေါမြို့နယ် ပြည်သူ့ဆေးရုံ တိုးချဲ့ခွဲစိတ်လူနာဆောင်ဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် ပြည်သူ့ဆေးရုံ တိုးချဲ့ခွဲစိတ်လူနာဆောင်နှင့် ခွဲစိတ်ခန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ရက် နံနက် ၁၀နာရီတွင် အဆိုပါဆေးရုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေး မှုအဖွဲ့များ၊ ဘင်ခရာအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြ သည်။

ရှေးဦးစွာ ပြည်နယ်အတွင်းရေးမှူး ဦးတင်မောင်ဆွေ၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစိုင်းစံဝင်းနှင့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက် စီမံကိန်း မန်နေဂျာ ဒေါ်နန်းကြာလီတို့က တိုးချဲ့ ခွဲစိတ် လူနာဆောင်နှင့် ခွဲစိတ်ခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးက ကမ္ပည်းမော်ကွန်း ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေး နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ တိုင်းမှူးက အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်

ဆက်လက်၍ စီမံကိန်းမန်နေဂျာက တိုးချဲ့ခွဲစိတ်လူနာဆောင်၊ ခွဲစိတ်ခန်းနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြီးမြင့်ထံ ပေးအပ်သည်။

ထောက်ပံ့ငွေပေး

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် တိုးချဲ့ခွဲစိတ် လူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆေးပစ္စည်း သိုလှောင်ခန်း၊ ဆေးရုံဖျားနာဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဆေးကုသ မှုခံယူလျက်ရှိသည့် တိုင်းရင်းသားပြည်သူ များအား ထောက်ပံ့ငွေများ ပေးအပ်ကြ သည်။

တည်ဆောက်

အဆိုပါ တိုးချဲ့ခွဲစိတ်လူနာဆောင်နှင့် ခွဲစိတ်ခန်းကို နိုင်ငံတော်က ငွေကျပ် ၈၈၉၅ သိန်းကျော် အကုန်အကျခံ၍ တည်ဆောက် ပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုကိုယ်စားလှယ် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြစဉ်။

(သတင်းစဉ်)

(၆၅)နှစ်မြောက် တပ်မတော်နေ့
ဦးတည်ချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုစွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ် တိုက်ဖျက်ရေး။

၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော် တည်ဆောက်ရေး။

ပြည်ထောင်စုကိုယ်စားလှယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ ရိုးရာယဉ်ကျေးမှုအကများဖြင့်ဖျော်ဖြေ ပြည်သူများ ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက် ခဲ့ကြသည့် ပြည်ထောင်စုကိုယ်စားလှယ် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကများ ဖြင့် ကပြဖျော်ဖြေတင်ဆက်မှု အစီအစဉ် များကို ယနေ့ည ၆နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါ ကပြဖျော်ဖြေပွဲသို့ ဝန်ကြီး ဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဒေသခံပြည်သူ များ လာရောက်ကြည့်ရှု အားပေးကြသည်။

ကပြဖျော်ဖြေပွဲတွင် ကချင်ပြည်နယ်မှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များက **စည်းလုံးခြင်းသည် အင်အား** သီချင်းဖြင့် လည်းကောင်း၊ ကယားပြည်နယ်မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက **ပြည်ထောင်စုမှာ ဆုပန်ခြွေ** သီချင်းဖြင့်လည်း ကောင်း၊ ကရင်ပြည်နယ်မှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များက **ဖွံ့ဖြိုးဝေစည် မြန်မာပြည်** သီချင်းဖြင့် လည်းကောင်း၊ ချင်းပြည်နယ်မှ တိုင်းရင်းသားရိုးရာယဉ်ကျေး မှု အဖွဲ့များက **ပြည်ထောင်စုအားမာန်** သီချင်းဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက **ပြည်ထောင်စုအေးရိပ်သာယာ** သီချင်းဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များက **လက်တွဲ ညီညာ တနင်္သာရီပါ** သီချင်းဖြင့် လည်းကောင်း၊ ပဲခူးတိုင်းမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့များက **ဂန္ထဝင် အလှသစ္စာ** သီချင်းဖြင့် လည်းကောင်း၊ မကွေးတိုင်းမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များက **ချစ်ကြည်ရေး တေးသံ** သီချင်းဖြင့်လည်းကောင်း၊ မန္တလေး တိုင်းမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့များက **ခွင့်တူညီမျှ ပြည်ထောင်စုအလှ** သီချင်းဖြင့်လည်းကောင်း၊ မွန်ပြည်နယ်မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက **မွန်ရိုးရာအက ယိမ်းအလှ** သီချင်းဖြင့်လည်း ကောင်း၊ ရခိုင်ပြည်နယ်မှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များက **ဖွံ့ဖြိုးဝေဝေ ရခိုင်ပြည်** သီချင်းဖြင့်လည်းကောင်း၊ ရန်ကုန် တိုင်းမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ များက **ပြည်ထောင်စု၏ ထာဝရအလှများ** သီချင်းဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက **ပြည်ထောင်စုရဲ့အလှ** သီချင်းဖြင့်လည်း ကောင်း၊ ဧရာဝတီတိုင်းမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက **တို့ပြည်ထောင်စု ပန်းချီ** သီချင်းဖြင့်လည်းကောင်း ကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်

အဆိုပါ ကပြဖျော်ဖြေ တင်ဆက်မှုကို ဖေဖော်ဝါရီ ၁၅ရက်တွင် ဆက်လက်ဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးတင့်ဆွေ လမ်း၊ တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးတင့်ဆွေအား ဖေဖော်ဝါရီ ၈ရက် တွင် တံတားဆောက်လုပ်ရေးစီမံကိန်း အထူး အဖွဲ့(၂) ပဲခူးတံတားတည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်၌ တံတားအထူး အဖွဲ့(၂)မှ အင်ဂျင်နီယာမှူး ဒေါ်သန်းရီက ပဲခူးတံတား တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီ အစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင် နီယာချုပ် ဦးခင်မောင်ဆွေနှင့် ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး(လုပ်ငန်း) ဦးကျော် လင်းတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြ သည်။

အထူးအလေးထား

ထို့နောက် ဒုတိယဝန်ကြီးက တံတား တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ် ချိန်အမီ ပြီးစီးအောင် တည်ဆောက်သွားရန် နှင့် လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး အထူး အလေးထား ဆောင်ရွက်သွားကြရန် မှာကြား သည်။ ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၉ရက်တွင် တနင်္သာရီတိုင်းအတွင်းရှိ လမ်း အခြေအနေများနှင့် ယင်းလမ်းရှိ လျှော့သိုင်း တံတား တည်ဆောက်နေမှု အခြေအနေများ ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)



(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့ ဘောက်သီးစုရပ်ကွက်၌ ငွေကျပ် ၇၅ ဒသမ ၈သိန်း အကုန်အကျခံကာ ငပိန်လမ်း ကတ္တရာထပ်ပိုးလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက်က အဆိုပါလမ်းမုခ်ဦး၌ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သူဇော်နှင့် မြို့မိမြို့ဖ ဦးအောင်မျိုးသန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြ စဉ်။

(မြို့နယ်စည်ပင်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦး ထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန်နှင့် နှိုးဆော် အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော် အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီမြို့နယ် အသရော်ကျေးရွာအုပ်စု (ဒို့အားမာန်) ကုန်ထုတ်စိုက်ပျိုးရေးသမဝါယမအသင်းခွဲ၏ စပါး၊ ငါးလုပ်ငန်းခွင်မှ ရေခန်းသည့် အင်း၌ နွေစပါးစိုက်ပျိုးရန် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြဝင်း၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှူး ဦးဝင်းဆွေနှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးကျော်စွာမင်း၊ မြို့နယ်စိုက်ပျိုးရေး ဒုတိယမန်နေဂျာ ဦးသန်းဝင်းတို့အား (ဒို့အားမာန်) ကုန်ထုတ်စိုက်ပျိုးရေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အဖွဲ့ ရှင်းလင်းပြသ ကြစဉ်။

(ခရိုင် ပြန်/ဆက်)

နိုင်ငံတကာအာကာသစခန်း၌ သုတေသနပြုရေး အင်ဒိုနီးရှားအား နာဆာအဖွဲ့ကမ်းလှမ်း

ဂျကာတာ ဖေဖော်ဝါရီ ၁၄

အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလေကြောင်းနှင့် အာကာသအေဂျင်စီ (အယ်လ်အေပီအေအင်န်)ကို နိုင်ငံတကာ အာကာသစခန်းရှိ သုတေသနပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် နာဆာအဖွဲ့မှ ကမ်းလှမ်းထားကြောင်း ဖေဖော်ဝါရီ ၁၃ရက်ထုတ် ကွန်ပတ်စ်သတင်းစာက ဖော်ပြသည်။

ကမ်းလှမ်း

အမေရိကန်သမ္မတ ဘားရက်အိုဘားမား၏မူဝါဒအရ အာကာသ သုတေသနဆိုင်ရာလုပ်ငန်းများတွင် အာရှနိုင်ငံများ အတူတကွပါဝင်ရေးအတွက် ကမ်းလှမ်းခြင်းဖြစ်သည်။

ဝါရှင်တန်မြို့၌ မတ် ၂၂ရက်တွင် စတင်မည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ သဘောတူညီမှုရရေး စေ့စပ်ဆွေးနွေးပွဲမှ အင်ဒိုနီးရှား ကိုယ်စားလှယ်အဖွဲ့များကို စောင့်ဆိုင်းနေစဉ်အတွင်း အဆိုပါကမ်းလှမ်းချက်ကို ဆန်းစစ်သွားမည်ဖြစ်ကြောင်း အယ်လ်အေပီအေအင်န်အဖွဲ့မှ အကြီးအကဲ ဆာလာတာက ပြောကြားသည်။

လေ့လာမည်

နာဆာအာကာသအဖွဲ့နှင့် အယ်လ်အေပီအေအင်န်အာကာသအေဂျင်စီတို့ ပူးပေါင်းကာ နိုင်ငံတကာ အာကာသစခန်း၌ ပူးတွဲလေ့လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပထမဦးဆုံး အစိုးရဝန်ထမ်းဆေးရုံ နီပေါနိုင်ငံ၌ စတင်ဖွင့်လှစ်

ခတ္တမန္ဍူ ဖေဖော်ဝါရီ ၁၄

နီပေါနိုင်ငံတွင် ပထမဦးဆုံး အစိုးရဝန်ထမ်းဆေးရုံကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း၊ ယင်းဆေးရုံသည် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းမျိုးစုံကို အပြည့်အဝပေးသွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အစိုးရဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုများကို ဆေးဝါးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပေါ်ထွက်လာ

နီပေါနိုင်ငံမြို့တော် ခတ္တမန္ဍူမြို့၌ တည်ဆောက်ထားသည့် အဆိုပါဆေးရုံတွင် ငါးနှစ်အတွင်း အထူးကုဆရာဝန်မျိုးစုံဖြင့် ကုသပေးမည်ဖြစ်ပြီး ၁၀နှစ်အတွင်း အထူးခေတ်မီသောဆေးရုံကြီးအဖြစ် ပေါ်ထွက်လာမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၃ရက်ထုတ် ရိုက်စင်းနီပေါသတင်းစာ၌ ဖော်ပြထားသည်။

ဖွင့်လှစ်

ယင်းဆေးရုံတွင် ပြင်ပလူနာဌာနကို လွန်ခဲ့သည့်ရှစ်လကတည်းက ဖွင့်လှစ်ပေးခဲ့ကြောင်း၊ လွန်ခဲ့သည့် ရက်သတ္တပတ်ကျော်ကမှ အရေးပေါ်လူနာဌာန၊ ခွဲစိတ်ကုဌာနနှင့် ပြင်ပလူနာဌာနတို့ကို ဝန်ကြီးချုပ်က ဖွင့်လှစ်ပေးခဲ့ကြောင်းလည်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပင်လယ်ဓားပြ နှိမ်နင်းရေး ဆိုမာလီတပ်ဖွဲ့ဝင်များကိုအီဂျစ် လေ့ကျင့်ပေးမည်

ဆိုမာလီ ဖေဖော်ဝါရီ ၁၄

အီဂျစ်အစိုးရသည် ဆိုမာလီရေပိုင်နက်တွင် ကျက်စားနေသော ပင်လယ်ဓားပြနှိမ်နင်းရေးကို အားပေးကူညီသည့်အနေဖြင့် ဆိုမာလီ တိုက်ပွဲဝင်တပ်ဖွဲ့များနှင့် ရဲတပ်ဖွဲ့တို့အား စုစုပေါင်းအင်အား ၄၀၀ ကို လေ့ကျင့်သင်တန်းပေးရန် စီစဉ်လျက်ရှိသည်ဟု ဆိုမာလီ အစိုးရက ဖေဖော်ဝါရီ ၁၂ရက်၌ ထုတ်ဖော်ပြောကြားသည်။

အတည်ပြု

မိမိတို့အနေဖြင့် ပင်လယ်ဓားပြနှိမ်နင်းရေးကို အားပေးကူညီမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနအရာရှိ မူနာအိုမာက ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ဆိုမာလီအစိုးရက ယင်းကိစ္စကို အတည်ပြုပြောကြားခြင်းဖြစ်သည်။ **(အင်တာနက်)**

ရိုးရာခြင်္သေ့အက

တရုတ်နိုင်ငံ ကျန်စုပြည်နယ် ဆူကျိုးမြို့၌ တရုတ်နှစ်သစ်ကူးပွဲတော်ကို ကြိုဆိုသည့်အနေဖြင့် ရိုးရာခြင်္သေ့အကဖြင့် ကပြဖျော်ဖြေနေသည်ကို ဖေဖော်ဝါရီ ၁၄ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အဲဘတ်စ်အေ-၃၂၀ လေယာဉ် တရုတ်လေကြောင်း အစင်း၂၀ မှာယူ

ပေကျင်း ဖေဖော်ဝါရီ ၁၄

တရုတ်လေကြောင်းလိုင်း အဲချိုင်းနားသည် ယင်း၏သုံးစွဲလိုအားများပြားလာသည့် လေယာဉ်အင်အားစုကို တိုးမြှင့်နိုင်ရေးအတွက် အဲဘတ်စ်အေ-၃၂၀ အမျိုးအစားလေယာဉ်အစင်း ၂၀ မှာယူထားသည်ဟု တရုတ်မြို့ပြ လေယာဉ်ကုမ္ပဏီကြီးသုံးခုအနက် တစ်ခုအပါအဝင်ဖြစ်သော တရုတ်လေကြောင်းလိုင်းက ဖေဖော်ဝါရီ ၁၁ရက်တွင် သတင်းထုတ်ပြန်သည်။

ရောက်ရှိ

အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၃ ဘီလီယံတန်ဖိုးရှိသည့် အဆိုပါလေယာဉ်များသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း တရုတ်ပြည်သို့ ရောက်ရှိလာမည်ဖြစ်သည်ဟုလည်း ကြေညာထားသည်။

ဖော်ပြ

တရုတ်လေကြောင်းလိုင်းသည် ယင်းလေကြောင်းလိုင်းမှ ဆောင်ရွက်နိုင်စွမ်းကို ၅ ရာခိုင်နှုန်းအထိမြှင့်တင်ပေးရန် မျှော်လင့်ထားသည်ဟုလည်း ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်နိုင်ငံ နယူးယောက်မြို့ စီးပွားရေးဇုန်၌ မီးလောင်မှုဖြစ်ပွားနေသည်ကို ဖေဖော်ဝါရီ ၁၄ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

မလေးရှားနှင့်ကုန်သွယ်မှု တိုးမြှင့်လို ဂျပန်သံအမတ်ကြီး ပြောကြား

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၄

ဂျပန်နိုင်ငံသည် ယင်း၏ဖွံ့ဖြိုးရေး မဟာဗျူဟာကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကာ မလေးရှားနိုင်ငံနှင့် ကုန်သွယ်ရေးတိုးမြှင့်ပြုလုပ်သွားရန် မျှော်လင့်ထားကြောင်းဖြင့် မလေးရှားနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မာဆာဟီကိုက ဖေဖော်ဝါရီ ၁၀ရက်တွင် ပြောကြားသည်။

ပိုမိုကောင်းမွန်

ယခုနှစ်အတွင်း ဂျပန်နှင့် မလေးရှား နှစ်နိုင်ငံ ကုန်သွယ်ရေးအနေအထားသည် ၂၀၀၉ခုနှစ်ကထက် ပိုမိုကောင်းမွန်မည်ဟု မိမိယုံကြည်ကြောင်း ဂျပန်သံအမတ်ကြီး မာဆာဟီကိုက ယင်း၏ သံရုံး၌ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောကြားသည်။

မြင့်မား

ဂျပန်နိုင်ငံကရော မလေးရှားနိုင်ငံကပါ ၂၀၁၀ခုနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပိုမိုကောင်းမွန်လာမည်ဟု မျှော်လင့်ထားကြောင်း၊ ဆိုလိုသည်မှာ နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏမြင့်မားလာမည်ဟု ဆိုလိုခြင်းဖြစ်ကြောင်းဖြင့်လည်း သံအမတ်ကြီးက ပြောကြားသည်။

ကုန်သွယ်မှု

၂၀၀၉ ခုနှစ်တွင် ဂျပန်နှင့် မလေးရှား စုစုပေါင်း ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၉၇ ဘီလီယံရှိသည်ဟု သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရန်နိုင်ငံအား အရေးယူမှု ချုံ့မပြန့်ပွားရေး အားဖြည့်သင့်ဟု ရုရှားရှုမြင်

မော်စကို ဖေဖော်ဝါရီ ၁၄

အီရန်နိုင်ငံအပေါ် မည်သို့သော နောက်ထပ်အရေးယူပိတ်ပင်မှုမဆို နျူကလီးယား မပြန့်ပွားရေးစနစ်ကို အားဖြည့်ရာရောက်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီရက်ကော့ဗ်က ဖေဖော်ဝါရီ ၁၀ရက်၌ ပြောကြားသည်။

မပြန့်ပွားရေး

ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရန်အား အရေးယူပိတ်ပင်ရန် သင့်လျော်သည့် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ဆောင်ရွက်သောအခါ ယင်းအရေးယူပိတ်ပင်မှုများသည် နျူကလီးယားမပြန့်ပွားရေးစနစ် ခိုင်မာရေးဦးတည်ချက်အတိုင်းဖြစ်သင့်သည်ဟု ရုရှားနိုင်ငံကယုံကြည်ကြောင်း ဆာဂျီရက်ကော့ဗ်က ပြောကြားသည်။

တံခါးဖွင့်

မည်သည့်အရေးယူပိတ်ပင်မှုမဆို အီရန်နိုင်ငံ၏ နျူကလီးယားပြဿနာကို နိုင်ငံရေးနှင့် သံတမန်နည်းအရ ဖြေရှင်းနိုင်ရေးအတွက် တံခါးဖွင့်ထားသင့်သည်ဟုလည်း ရုရှားနိုင်ငံကရှုမြင်ကြောင်း ၎င်းကထပ်မံပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်၌ လမ်းဘေးဗုံးပေါက်ကွဲ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၄

အီရတ်နိုင်ငံ တောင်ပိုင်းကူဖာမြို့၌ ဖေဖော်ဝါရီ ၁၂ရက်က လမ်းဘေးဗုံး ဆက်တိုက်ပေါက်ကွဲသဖြင့် ခြောက်ဦးထက်မနည်း သေဆုံးကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဖောက်ခွဲ

နာဂျစ်ပြည်နယ် ကူဖာဆင်ခြေဖုံး ဒေသ၌ ရှီးယိုက်တို့ကို ပစ်မှတ်ထားကာ လမ်းဘေးဗုံးဖောက်ခွဲမှုများအတွင်း ကလေးငယ်တစ်ဦးနှင့် အမျိုးသမီးတစ်ဦးအပါအဝင် ခြောက်ဦးထက်မနည်းသေဆုံးကာ အခြား ၃၅ဦး ဒဏ်ရာရရှိသွားသည်ဟု ဆိုသည်။

(အင်တာနက်)

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့၌ ရဟတ်ယာဉ်ပျက်ကျပြီးနောက် အပျက်အစီးများကို ဖေဖော်ဝါရီ ၁၂ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ဂါဇာ၌ အစ္စရေးတပ်ဖွဲ့ဝင်တို့၏ ပစ်ခတ်မှု ပါလက်စတိုင်း စစ်သွေးကြွတစ်ဦး သေဆုံး

ဂါဇာ ဖေဖော်ဝါရီ ၁၄

ဂါဇာစီးတီးအရှေ့ပိုင်းတွင် အစ္စရေးတို့လက်ချက်ဖြင့် ဖေဖော်ဝါရီ ၁၁ရက်က ပါလက်စတိုင်း စစ်သွေးကြွတစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြပါရှိသည်။

တာဝန်ယူ

စစ်သွေးကြွများမှာ အစ္စလာမ္မစ်ဂျီဟတ်လှုပ်ရှားမှုအဖွဲ့၏ စစ်ရေးတာဝန်ယူသည့် အယ်ကွတ်တပ်ဖွဲ့ဝင်များဖြစ်သည်ဟု သတင်းစုံရပ်ကွက်က ပြောကြားသည်။

တုံ့ပြန်

နယ်စပ်အနီးကင်းလှည့်လာသော အစ္စရေးတပ်ဖွဲ့ဝင်များအား သေနတ်သမားများ စတင်ပစ်ခတ်သဖြင့် အစ္စရေးတပ်ဖွဲ့ဝင်များက တုံ့ပြန်ခြင်းဖြစ်သည်ဟု အစ္စရေးစစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဟသ်ာတအသင်းတိုက် အဆောက်အအုံသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဟသ်ာတအသင်း၏ အသင်းတိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၅လမ်းရှိ အဆိုပါ အဆောက်အအုံသစ်ဥပစာ၌ကျင်းပရာ ဂုဏ်ထူးဆောင် နာယကများဖြစ်ကြသည့် သမဝါယမ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဟသ်ာတမြို့ သံဃဒါနအဖွဲ့ချုပ် ဥက္ကဋ္ဌဦးသန်းရွှေတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

ထို့နောက် ဟသ်ာတအသင်းဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိန်တင်(ကျားပုံ)က အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အသင်း ဂုဏ်ထူးဆောင်နာယကများနှင့် အသင်းဥက္ကဋ္ဌတို့က ကမ္ပည်းမော်ကွန်း ကျောက်ပြားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းကို အဆောက်အအုံသစ်ခန်းမ၌ ဆက်လက်ကျင်းပရာ အသင်းဥက္ကဋ္ဌနှင့် ဂုဏ်ထူးဆောင် နာယကများက အမှာစကားပြောကြားကြပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက အဆောက်အအုံဆောက်လုပ်ခြင်း လုပ်ငန်းများ၊ အသင်း၏ ဘဏ္ဍာရေးဆိုင်ရာများ၊ အသင်း၏ ရည်ရွယ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ အဆောက်အအုံတိုးချဲ့ဆောက်လုပ်မည့် အစီအစဉ်များနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြကြသည်။

မတည်

ထို့နောက် အသင်းအဆောက်အအုံသစ်တိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် ဂုဏ်ထူးဆောင် နာယကများနှင့် အသင်းဝင်များက အလှူငွေကျပ်သိန်း ၁၂၀ကို လှူဒါန်းကြပြီး မတည်အလှူရှင် ဦးခင်မောင်ဟန်က ဝမ်းမြောက်စကားပြောကြားကာ အသင်း ဒုတိယဥက္ကဋ္ဌဦးအောင်သန်းညွန့်က ကျေးဇူးတင်စကားပြောကြားသည်။ **(သတင်းစဉ်)**

ပညာရည်ချွန်ဆုချီးမြှင့်ပွဲ မိုင်းဖြတ်အထက၌ ကျင်းပ

မိုင်းဖြတ် ဖေဖော်ဝါရီ ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဖြတ်မြို့ အထကကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ရက် နံနက် ၁၀နာရီက အထကကျောင်း သိပ္ပံခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းရီက ပညာသင်ကြားရေးကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆုများပေးအပ်ချီးမြှင့်

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး မြသောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှရှောင်၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စောဝေ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ချိုချိုနှင့် ကျောင်းအုပ် ဆရာမကြီး ဒေါ်စန်းရီနှင့် တာဝန်ရှိသူများက ပညာရည်ချွန်ဆုရ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ဆုရရှိသူများ၊ မြို့နယ်အဆင့် အမျိုးသမီးများနေ့နှင့် အမျိုးသားနေ့ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၁၅-၂-၂၀၁၀

(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၅ ၇။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ မြန်မာစာ မြန်မာစကား
၄:၃၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၀ ၇။ စိုက်ပျိုးသုတ
၅:၃၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၅၀)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ Talk of the Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရဏ်ဦးအချစ်** (အပိုင်း-၃၀)

ပထဝီဝင်မိသားစုများ၏ ကောဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပထဝီဝင်မိသားစုများ၏ အသက် (၆၀)နှင့် အထက် ဆရာကြီး၊ ဆရာမကြီးများကို ကြည်နူးဝမ်းမြောက်စွာ ဂါရဝပြုကန်တော့ရင်း ပျော်ရွှင်စွာ ပြန်လည်ဆုံတွေ့ကြရန်အတွက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ချီးမြှင့်ပေးပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန် အာစရိယ ပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီက နိုးဆော်ထားသည်။

ဆရာကြီး ဆရာမကြီးများနှင့်တကွ ပထဝီဝင်မိသားစုများ၏ မိတ်ဆုံညစာစားပွဲကို ဖေဖော်ဝါရီ ၂၁ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် Western Park (အလုံ)၌ ဆက်လက် ကျင်းပမည်ဖြစ်သည်။ ကျောင်းသားဘဝ အမှတ်တရလေးများပြန်လည်တမ်းတရင်း သူငယ်ချင်းများ ပြန်လည်ဆုံတွေ့ကြရန် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များထံ ဆက်သွယ်၍ တက်ရောက်ကြရန် အကြောင်းကြားထားသည်။ အလှူငွေများကို နီးစပ်ရာတက္ကသိုလ်၊ ကောလိပ်များရှိ ပထဝီဝင်ဌာနမှ ဆရာ ဆရာမများထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လှူဒါန်း

ဒေါ်မူမူကျော်အား ရည်စူး၍ နဝဒေးလမ်း ယောမင်းကြီးရပ်ကွက် ဒဂုံမြို့နယ် ရန်ကုန်မြို့နေ ဗိုလ်မှူးမောင်မောင်မျိုးညွန့် (ငြိမ်း) မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ် နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခင်ငြိမ်း လက်ခံစဉ်။ (သတင်းစဉ်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

အိန္ဒိယစားသောက်ဆိုင်တွင် ဗုံးပေါက်ကွဲ၊ ကိုးဦးသေဆုံး

အိန္ဒိယနိုင်ငံအနောက်ပိုင်း ပူနာမြို့ရှိ ကမ္ဘာလှည့်ခရီးသွားများစည်ကားရာ စားသောက်ဆိုင်တစ်ဆိုင်ကို အကြမ်းဖက်သမားများက အင်အားပြင်းသည့် ဗုံးတစ်လုံးဖြင့် ဖေဖော်ဝါရီ ၁၃ ရက် ညနေပိုင်း၌ ဖောက်ခွဲတိုက်ခိုက်၍ ကိုးဦးထက်မနည်း သေဆုံးသွားကြောင်း၊ သေဆုံးသူများအနက် လေးဦးမှာ နိုင်ငံခြားမှအမျိုးသမီးများဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။ ***(အောက်ပုံ)***

တိုက်လေယာဉ်နှင့် မောင်းသူမဲ့လေယာဉ် အီဂျစ်ထုတ်မည်

အီဂျစ်နိုင်ငံသည် ယင်း၏ ပထမဦးဆုံး တိုက်လေယာဉ်နှင့် မောင်းသူမဲ့လေယာဉ်ကို နိုင်ငံခြားနှင့်ပူးပေါင်းထုတ်လုပ်သွားမည်ဖြစ်ကြောင်း အီဂျစ်အစိုးရသတင်းဌာနဖြစ်သည့် မီနာသတင်းဌာနက ဖေဖော်ဝါရီ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။ ယင်းလေယာဉ်များ ထုတ်လုပ်ရေးနှင့်ပတ်သက်၍ စေ့စပ်ညှိနှိုင်းမှုများပြုလုပ်နေပြီဟုသိရသည်။

ယူကရိန်းနိုင်ငံ၌ ဓာတ်ငွေ့ကုမ္ပဏီတည်ထောင်မည်

ယူကရိန်းနိုင်ငံသည် ရုရှားနှင့်ဥရောပသမဂ္ဂတို့နှင့်ပူးပေါင်းကာ ဓာတ်ငွေ့ကုမ္ပဏီကြီး တည်ထောင်သွားရေးအတွက် နည်းလမ်းရှာမည်ဖြစ်ကြောင်း ယူကရိန်းနိုင်ငံ၏ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရထားသည့် ဗစ်တာယာနူကိုဗင်က ရုရှားရုပ်မြင်သံကြားဌာနကို ဖေဖော်ဝါရီ ၁၃ရက်က ပြောကြားသည်။

ဖိလစ်ပိုင်တောင်ပိုင်း၌ စစ်သွေးကြွနှစ်ဦး ချေမှုန်းခံရ

ဖိလစ်ပိုင်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မတည်မငြိမ်ဖြစ်နေသော ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် အယ်လ်ခိုင်ဒါနှင့်ဆက်သွယ်နေသည့် အဘူဆာယက်အုပ်စုမှ စစ်သွေးကြွများဟု မသင်္ကာသူနှစ်ဦးထက်မနည်းကို ချေမှုန်းလိုက်ကြောင်း ဖိလစ်ပိုင်စစ်ဘက်အရာရှိတစ်ဦးက ဖေဖော်ဝါရီ၁၃ရက်၌ ပြောကြားသည်။

လော့စ်အိန်ဂျလိစ်၌ ခရီးသွားလုပ်ငန်းပြပွဲပြသ

လော့စ်အိန်ဂျလိစ်တိုင်းမ်သတင်းစာက ကြီးမှူးကျင်းပသော ခရီးသွားလုပ်ငန်းနှင့် စွန့်စားခန်းဆိုင်ရာပြပွဲကို ဖေဖော်ဝါရီ ၁၃ရက်က လော့စ်အိန်ဂျလိစ်မြို့လယ်၌ ကျင်းပရာ အမေရိကန်ပြည်ထောင်စုနှင့် နိုင်ငံခြားတိုင်းပြည်များမှ အားလပ်ရက်အပျော်ခရီးထွက်သူရာပေါင်းများစွာတို့ လာရောက်ကြည့်ရှုအားပေးကြသည်။ ပြပွဲကို နှစ်ရက်ကြာပြသပြီး ပျော်ပွဲရွှင်ပွဲများ အပါအဝင် စိတ်ဝင်စားဖွယ်ကောင်းသော အစီအစဉ်မျိုးစုံတို့ကို ပြသခဲ့ကြောင်း သိရသည်။

ဆင်ခြေထောက်ရောဂါ နီပေါနှိမ်နင်းမည်

နီပေါနိုင်ငံအစိုးရသည် နိုင်ငံတစ်ဝန်းရှိ ခရိုင် ၁၉ခရိုင်တွင် ဆင်ခြေထောက်ရောဂါ နှိမ်နင်းရေး ပထမအဆင့်လှုပ်ရှားမှုများကို စတင်လုပ်ကိုင်နေပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၄ရက်ထုတ် ခတ္တမန္ဒုပို့စ်သတင်းစာ၌ ဖော်ပြထားသည်။

ကျားနှစ်၌ သတိဝီရိယရှိရေး လီရှန်လွန်း ဆော်ဩ

ယခုနှစ်၏ အထိမ်းအမှတ်ဖြစ်သော ကျားနှစ်တွင် နိုးနိုးကြားကြား သတိဝီရိယရှိရှိ နေထိုင်လုပ်ကိုင်သွားကြရန် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ဖေဖော်ဝါရီ ၁၃ရက်တွင် ဆော်ဩလိုက်သည်။ မိမိတို့သည် ကျားနှစ်တွင် သတိဝီရိယဖြင့် နိုးနိုးကြားကြား နေထိုင်ကြရမည်ဖြစ်ကြောင်း၊ ကျားသတ္တဝါသည် သဘာဝအားဖြင့် အင်အားကြီးသည့် သတ္တဝါဖြစ်ကြောင်း၊ ကျားနှစ်တွင် အန္တရာယ်ရှိပြီး မရေရာမှုများလည်း ရှိနိုင်ကြောင်း လီရှန်လွန်းက ထည့်သွင်းပြောကြားသည်။

A(H1N1)ကာကွယ်ဆေး နီပေါသို့အရောက်နောက်ကျ

နီပေါနိုင်ငံသို့ A(H1N1) တုပ်ကွေးရောဂါ ကာကွယ်ဆေးများ တင်ပို့ရေးကိစ္စသည် အဆိုပါဆေးထုတ်လုပ်သည့် ကုမ္ပဏီ၏ နှောင့်နှေးမှုကြောင့် တစ်လနီးပါး နောက်ကျနေပြီဖြစ်ကြောင်း နီပေါနိုင်ငံထုတ် ဟီမာလီယန်တိုင်းမ်သတင်းတွင် ဖေဖော်ဝါရီ ၁၄ရက်က ဖော်ပြသည်။

ကာတာငွေဖောင်းပွမှု နှစ်ရာခိုင်နှုန်းနှင့်ငါးရာခိုင်နှုန်းကြားရှိ

ကာတာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၀ခုနှစ်တွင် နှစ်ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအတွင်းရှိမည်ဟုယူဆရကြောင်း ကာတာနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ ရှိတ်အဗ္ဗဒူလာဘင်က ဖေဖော်ဝါရီ ၁၃ရက်၌ ပြောကြားသည်။

ကော်စတာရီကာ၌ ကိုကင်းများသိမ်းဆည်းရမိ

ကော်စတာရီကာရဲတပ်ဖွဲ့သည် ဖေဖော်ဝါရီ ၁၂ရက်တွင် ကိုကင်းတစ်တန်ခန့်ကို သိမ်းဆည်းရမိပြီး မက္ကဆီကို မူးယစ်မှောင်ခိုများဟု မသင်္ကာသူနှစ်ဦးအား ဖမ်းဆီးလိုက်ကြောင်း ကော်စတာရီကာ ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ မက္ကဆီကို မူးယစ်မှောင်ခိုဂိုဏ်းများသည် ကော်စတာရီကာနိုင်ငံကို မူးယစ်ဆေးဝါး သိုလှောင်ရာနေရာအဖြစ် တိုးမြှင့်အသုံးပြုလာသည်။ *(အင်တာနက်)*

တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း

ကတ္တရာလမ်းသစ်ဖွင့်ပွဲများ တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၇နာရီခွဲတွင် သာကေတမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးရုံးသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတို့က မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် သာကေတမြို့နယ် (၇)ဈေးလမ်းအတွင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး (၇)ဈေးလမ်းအတွင်း ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ခြင်ဆေးဖျန်းဆောင်ရွက်နေမှုများ၊ ခြင်ထောင်ဆေးစိမ်လုပ်ငန်းများ၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်နေမှု၊ ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်နေမှုနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၈၈)ရပ်ကွက် ငွေဇင်ယော်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး လမ်းတစ်လျှောက် ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။

ပက်ဖျန်းပေး

ဆက်လက်၍ အမှတ် (၈၉)ရပ်ကွက်၌ ကျင်းပသည့် ဓမ္မရတနာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူးနှင့် မြို့တော်ဝန်တို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြကာ လမ်းတစ်လျှောက် ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် အမှတ် (၉၃)ရပ်ကွက်၌ ကျင်းပသည့် ရွှေလီလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ကျောင်းခန်းမ၌ကျင်းပရာ မြို့တော်ဝန်က အမှာစကား ပြောကြားပြီး ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ဆားဘီးယားနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဗွတ်ခ် ရဲရမစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်

မီးသတ်စခန်းများနှင့် ဌာနများစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် ဖေဖော်ဝါရီ ၈ရက်မှ ၁၀ရက်အထိ မကွေးတိုင်းနှင့် မန္တလေးတိုင်းရှိ မီးသတ်စခန်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအောက်ရှိ ဌာနများကို ကြည့်ရှုစစ်ဆေးပြီး ဖေဖော်ဝါရီ ၁၁ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကာ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က အရွယ်မရောက်သေးသူကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ မန္တလေးတိုင်း၊ ခရိုင်နှင့် မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

(၆၃)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလှိုင် ဖတ်ကြားစဉ်။
(မြန်မာ့အလင်း)

ဗဟန်းမြို့နယ် အမက (၁၂)၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၆ရက်က ကျင်းပရာ ပထမတန်းမှ ပထမဆုရရှိခဲ့သော မစုမြတ်ဇင်အား မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်းက ဆုချီးမြှင့်စဉ်။
(မြို့နယ် ပြန်/ဆက်)

Nippon ခေါက်ဆွဲစက်ရုံဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

Nippon ခေါက်ဆွဲစက်ရုံဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ရက် နံနက် ၇နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ရွှေပြည်သာစက်မှုဇုန်ရှိ အဆိုပါစက်ရုံဥပစာ၌ ကျင်းပရာ ငုရွှေဝါကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသိန်းထွေးနှင့် ဒါရိုက်တာ ဦးစိုးဝင်းထွန်းတို့က စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် စက်ရုံရှင်းလင်းဆောင်၌ ငုရွှေဝါကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသိန်းထွေးက ဧည့်ပရိသတ်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် စက်ရုံအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းပြသ

ထို့နောက် မန်နေဂျင်းဒါရိုက်တာ ဦးသိန်းထွေးနှင့် အဖွဲ့ဝင်များက ဧည့်ပရိသတ်များအား Nippon ခေါက်ဆွဲစက်ရုံ၏ ကုန်ထုတ်လုပ်မှုအဆင့်ဆင့်ကို လိုက်လံရှင်းလင်း ပြသခဲ့ကြသည်။

အဆိုပါ Nippon ခေါက်ဆွဲစက်ရုံသည် တစ်နေ့အလုပ်ချိန် ရှစ်နာရီအတွင်း Nippon ခေါက်ဆွဲဘူးပေါင်း ငါးသောင်းထုတ်လုပ်၍ ဈေးကွက်အတွင်း ဖြန့်ဖြူးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၂-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **မရှိခဏလိုတရ** တရားတော် အရှင်ဇာနေယျ (ရွှေမိုးညိုဆရာတော်)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၂)
- ၈:၃၀ Sports World
- ၈:၄၅ သဒ္ဒါကြည်ဖြူ .... မြတ်သောအလှူ
- ၈:၅၅ Activities in the City [အထက(၁) စမ်းချောင်း အာစရိယပူဇော်ပွဲ]
- ၉:၁၀ မန္တလာမြေရဲ့ ညကိုပိုလှစေမယ့် KOSE'
- ၉:၂၀ ရေထဲကငွေ
- ၉:၃၀ Global Panorama
- ၁၀:၅၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ဟက်ပီးဘတ်ဒေးရိုက်ကွင်း အမှတ်တရ)
- ၁၁:၁၅ သာယာဖွံ့ဖြိုး....တိုးတက် ဝေစည်....ညေဝတီ
- ၁၁:၄၅ International Show Biz
- ၁၂:၀၀ Vanconver 2010 Olympic Winter Games
- ၁:၀၀ **မရှိခဏလိုတရ** တရားတော် အရှင်ဇာနေယျ (ရွှေမိုးညိုဆရာတော်)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စာအုပ်ပြခန်း (သတင်းစာ၊ မီဒီယာနှင့် ဂျာနယ်လစ်ဇင်စာအုပ် ရေးသားသူ ဒေါက်တာခင်မောင်ညိုနှင့် တွေ့ဆုံခြင်း)
- ၃:၁၀ မေတ္တာသည်သာ တတ်စွမ်းနိုင်တာ
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၂)
- ၄:၀၀ တောင်ငူခေတ်ရဲ့ ပုံရိပ်ပန်းချီ တော်ဝင်ကေတုမတီ
- ၄:၂၅ Activities in the City [အထက(၁) စမ်းချောင်း အာစရိယပူဇော်ပွဲ]
- ၄:၄၅ သဒ္ဒါကြည်ဖြူ....မြတ်သောအလှူ
- ၄:၅၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ဟက်ပီးဘတ်ဒေးရိုက်ကွင်း အမှတ်တရ)
- ၅:၁၅ မန္တလာမြေရဲ့ညကို ပိုလှစေမယ့် KOSE'
- ၅:၃၀ အနုပညာမိုးကောင်းကင်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Vanconver 2010 Olympic Winter Games
- ၇:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၇:၄၀ International Show Biz
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၅ ထာဝစဉ်ရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (တက္ကသိုလ်ဘုန်းနိုင်၏သား စာရေးဆရာဘုန်းတင့်ကျော်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
- ၉:၀၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၂)
- ၁၀:၀၀ စာအုပ်ပြခန်း(သတင်းစာ၊ မီဒီယာနှင့် ဂျာနယ်လစ်ဇင်စာအုပ် ရေးသားသူ ဒေါက်တာခင်မောင်ညိုနှင့် တွေ့ဆုံခြင်း)
- ၁၀:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၄၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (တက္ကသိုလ်ဘုန်းနိုင်၏သား စာရေးဆရာဘုန်းတင့်ကျော်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
- ၁၁:၀၅ ဆေးသုတေသန (အောက်မြန်မာပြည်)၏ အောင်မြင်မှု(မြွေပွေးဆိပ်ဖြေဆေး)
- ၁၁:၂၅ ယဉ်ကျေးသွင်ပြင် ဝတ်စားဆင် ပိုးချိတ်အသွင်
- ၁၁:၄၅ **အသိစိတ်ကလေးအရင်းတည်၍** ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
- ၁၂:၀၀ စက်မှုကုန်ကြမ်းသီးနှံ ပီလောပီနံ
- ၁၂:၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မီးဘေးကြိုတင်ကာကွယ်ရေး မြောက်ဦးမြို့၌ သရုပ်ပြလေ့ကျင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြောက်ဦးမြို့ မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီ ၃၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့မဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြီး မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့် ဆောင်ရွက်ရာ **(အောက်ပုံ)** နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးမင်းဇော်၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သန်းလင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်တို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးသည်။

(၁၁၃)

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

○ *ရှေ့ဖုံးမှ*

ကျွန်တော်တို့သတင်းအဖွဲ့မှာလည်း သတင်းရေးသားရိုက်ကူးရန် ကန့်ဘလူမြို့သို့ ရောက်ရှိနေခိုက်ဖြစ်ရာ ဆေးရုံသစ်ကြီးနှင့်ပတ်သက်၍ မေးမြန်းစူးစမ်းခွင့် ရရှိခဲ့သည်။

အဆင့်တိုးမြှင့်ပေး

ရှေးဦးစွာ ကန့်ဘလူမြို့ မြို့မိမြို့ဖ အတွင်းရေးမှူး ဦးမြင့်ဆွေအား တွေ့ဆုံမေးမြန်းကြည့်ရာ “ကျွန်တော်တို့ ကန့်ဘလူမြို့မှာ ၁၉၆၈ခုနှစ်က (၁၆)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံကိုပဲ စတင်ဖွင့်လှစ်နိုင်ခဲ့တာပါ။ နှစ်ပေါင်းများစွာ ဒီဆေးရုံလေးကိုပဲ အမှီပြု ဆေးဝါးကုသနေခဲ့ရပြီးတော့ ၂၀၀၇ ခုနှစ် အောက်တိုဘာလမှာ နိုင်ငံတော်က (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။

လူနာများ သက်သောင့်သက်သာရှိစေသည့် ခုတင်များဖြင့် ဖွဲ့စည်းထားသော ဖျားနာကုသဆောင်။ (သတင်းစဉ်)

အခုအခါမှာတော့ ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင် အသစ် တည်ဆောက် ဖွင့်လှစ်ပေးခဲ့တဲ့အတွက် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်လို့ မဆုံးပါဘူးဗျာ”ဟု ပြောကြားသည်။

အခမဲ့ကုသ

ဆေးရုံသစ်ကြီးပေါ်ထွန်းလာပုံကား ဤသို့တည်း။ ကန့်ဘလူမြို့တွင် နှစ်စဉ်တပို့တွဲလပြည့်နေ့၌ ကျင်းပမြဲဖြစ်သော မြို့ကျက်သရေဆောင် ရွှေစည်ကြီး စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော် အခါသမယတွင် မျက်စိနှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များအား နှစ်စဉ်အခမဲ့ကုသပေးခဲ့သည်။

ပြီးခဲ့သည့် ၂၀၀၈ခုနှစ် နဝမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်တွင် အေးမြစိုး ဖောင်ဒေးရှင်းက မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးခဲ့ရာတွင် ကန့်ဘလူမြို့နယ်မှ သာမက ကျွန်းလှ၊ ရွှေဘို၊ တန့်ဆည်၊ ရေဦး၊ ခင်ဦး၊ ဝက်လက်၊ ကသာ၊ အင်းတော်၊ ဗန်းမောက်၊ ကောလင်း၊ ဝန်းသိုနှင့် ပင်လည်ဘူး စသည့်မြို့နယ်များမှ မျက်စိဝေဒနာရှင် ၄၀၀၀ ကျော် လာရောက်စမ်းသပ် ကုသမှု ခံယူခဲ့ကြသည်။

ဆေးရုံသစ်ကြီးပေါ်ထွန်းလာ

ဤသို့ ရောဂါဝေဒနာရှင် အရေအတွက်များပြားမှု၊ ကန့်ဘလူဒေသ၏ နယ်မြေအနေအထား၊ လမ်းပန်းဆက်သွယ်မှု အခြေအနေတို့ကို ဆက်စပ်တွက်ချက်၍ အဆင့်မြင့် ဆေးရုံတစ်ရုံ တည်ဆောက်ပေးရန် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးခဲ့ရာမှ ယခုကဲ့သို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံသစ်ကြီး ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

ဆေးရုံသစ်ကြီးမှာ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့ အမှတ်(၃)ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် မြို့ရှောင်လမ်းထောင့်တွင် တည်ရှိသည်။ မြေဧရိယာ အားဖြင့် ၂၈ ဧက ကျယ်ဝန်းသည်။

ဆေးရုံကြီးတွင် ပင်မဆောင် ခြောက်ဆောင်၊ ဆက်စပ် ဝန်ထမ်းအိမ်ရာနှင့် အဆောက်အအုံများ ပါဝင်သည်။ ပင်မဆောင် ခြောက်ဆောင်မှာ ပြင်ပလူနာဌာန၊ ကလေးကုသဆောင်၊ မီးယပ်နှင့်သားဖွားကုသဆောင်၊ ခွဲစိတ်နှင့်အရိုးအကြောကုသဆောင်၊ ဖျားနာကုသဆောင်နှင့် ခွဲစိတ်ဆောင်တို့ ဖြစ်သည်။ အဆောင်များ၏လေးဖက်လေးတန်စလုံးတွင် ၁၀ပေ အကျယ် လျှောက်လမ်းများကို ထည့်သွင်းတည်ဆောက်ပေးထားသည်။ ကျန်ဆက်စပ်အဆောက်အအုံများမှာ ထမင်းစားဆောင် နှစ်ဆောင်၊ Mortuary ၊ မွှောရုံ၊ မီးစက်ရုံ၊ ဆေးရုံအုပ်ကြီး အိမ်၊ အခန်း ၂၀ပါ ဝန်ထမ်းအိမ်ရာနှင့် အခန်း ၁၀ခန်းပါ အဆင့်မြင့် ဝန်ထမ်းအိမ်ရာတို့ဖြစ်သည်။ ထို့အပြင် ဆေးရုံတွင် ရေလုံလောက်စွာ ရရှိနိုင်ရန်အတွက် စက်ရေတွင်း၊ Over Head Tank နှင့် Ground Tank များကိုလည်း တည်ဆောက်ပေးထားသည်။ ပင်မဆောင်များ၏ ကြမ်းခင်းဧရိယာမှာ ၁၀၃၀၈၉ စတုရန်းပေရှိပြီး ဆေးရုံအဆောက်အအုံအားလုံး၏ စုစုပေါင်းကြမ်းခင်းဧရိယာမှာ ၁၂၀၆၆၆ စတုရန်းပေရှိသည်။

သန့်ရှင်းသပ်ရပ်

ဆေးရုံပင်မဆောင်များအား လှည့်လည်ကြည့်ရှုလေ့လာရာတွင် လူနာဆောင်များမှာ ကျယ်ဝန်းပြီး သန့်ရှင်းသပ်ရပ်မှု အပြည့်ရှိသည်။ လေဝင်လေထွက်ကောင်း၍ သဘာဝအလင်းရောင်ရရှိစေရန် စီမံတည်ဆောက်ထားသည်ကို တွေ့ရှိရသည်။

စနစ်တကျဖွဲ့စည်း

စုစုပေါင်းအကျယ်အဝန်း ၂၀၆×၇၄ ပေရှိ ပြင်ပလူနာဌာနတွင် ဆေးရုံအုပ်ကြီးရုံးခန်း၊ ရုံးအဖွဲ့ ရုံးခန်း၊ ECG Ultrasound ခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်မှန်ဆေးခန်း၊ သွေးလှူဘဏ်နှင့် သွေးစစ်ဆေးခန်း၊ ဆေးရုံမှတ်တမ်းများထားရှိရန် အခန်း၊ ဆေးပစ္စည်း သိုလှောင်ခန်း နှစ်ခန်း၊ ရောဂါဗေဒ ဆရာဝန်ကြီးအခန်း၊ အရိုးအကြောအထူးကုဆရာဝန်ကြီးအခန်း၊ သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီးအခန်း၊ ကလေးအထူးကုဆရာဝန်ကြီးအခန်း၊ သူနာပြုများအခန်း၊ Specialist များ စမ်းသပ်ခန်း၊ အရေးပေါ်လူနာခန်း၊ မျက်စိကုသခန်း၊ သွားကုသခန်း၊ Reception Counter၊ လူနာများ နားနေရန်နေရာ၊ ရေချိုးခန်း၊ အမျိုးသား၊ အမျိုးသမီး သီးခြားသန့်စင်ခန်းများဖြင့် စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားသည်။

စနစ်တကျ ထည့်သွင်းပေးထား

ကလေးကုသဆောင်နှင့် ခွဲစိတ်နှင့်အရိုးအကြောကုသဆောင်တို့တွင် (၂၈) ခုတင်ဆံ့ ကုသဆောင် နှစ်ဆောင်စီနှင့် အထူးကုသခန်း နှစ်ခန်းစီ ပါဝင်သည်။ မီးယပ်နှင့် သားဖွားကုသဆောင်ကို (၂၂) ခုတင်ဆံ့ ကုသဆောင်နှစ်ဆောင်၊ အထူးကုသခန်း နှစ်ခန်း၊ သားဖွားခန်းနှင့် ကလေးများထားခန်းတို့ဖြင့် ဖွဲ့စည်းထားသည်။ အလားတူ ဖျားနာကုသဆောင်တွင်လည်း (၂၂)ခုတင်ဆံ့ ကုသဆောင်နှစ်ဆောင်၊ သံဃာတော်များ အထူးကုသခန်း နှစ်ခန်း၊ အထူးကုသခန်း နှစ်ခန်း၊ ကျောက်ကပ် သန့်စင်ခန်းနှင့် လူနာစမ်းသပ်ခန်းများ ထည့်သွင်းတည်ဆောက်ထားသည်။ ထို့အတူ ခွဲစိတ်ဆောင်တွင် အကြီးစား ခွဲစိတ်ခန်း (Operation Theater) နှစ်ခန်း၊ Septic OT ခန်း၊ လူနာရှင်များ နားနေခန်းနှင့် Recovery Room အပါအဝင် ခေတ်မီ ခွဲစိတ်ဆောင်ကြီးတစ်ခုအဖြစ် ဖွဲ့စည်း တည်ဆောက်ထားသည်။ ကုသဆောင်များမှာ အကျယ်အဝန်း(၁၅၀×၇၄) ပေစီ ရှိကြသည်။ ကုသဆောင်များ အားလုံးတွင် သစ်လွင်သပ်ရပ်သော လူနာခုတင်နှင့် လူနာအသုံးအဆောင်ပစ္စည်းများကို စနစ်တကျ ထည့်သွင်းပေးထားသည်ကိုလည်း တွေ့ရှိရသည်။

ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ အထူးကုသခန်းကလည်း ဤသို့ သန့်ရှင်း သပ်ရပ်လှသည်။ (သတင်းစဉ်)

ဆောက်လုပ်လှူဒါန်း

အဆိုပါ ဆေးရုံသစ်ကြီးကို အလှူရှင် အေးမြစိုးဖောင်ဒေးရှင်းက ငွေကျပ်သိန်းပေါင်း ၂၁၄၇၅သိန်း အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ထူးထရေးဒင်းကုမ္ပဏီလီမိတက်က တာဝန်ယူ တည်ဆောက်ခဲ့သည်။ ဆေးရုံကို ၂၀၀၉ ခုနှစ် မေ ၁၀ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၀ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ တည်ဆောက်ရေးကာလ ရှစ်လကျော်သာ ကြာမြင့်ခဲ့သည်။

ဒေသခံပြည်သူများအတွက် ရောဂါရှာဖွေကုသရာတွင် အသုံးပြုသည့် ဓာတ်မှန်ခန်းကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

အလှူရှင်များလှူဒါန်း

နိုင်ငံတော်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ဆေးရုံသစ်ကြီးကို ဆောက်လုပ်လှူဒါန်းပေးရုံသာမက ကျောက်ကပ်သန့်စင်စက် (Hemodialysis Machine)၊ ရေသန့်စက် (R.O Machine)၊ Ultrasound Machine၊ Dental Operation Chair, Accessories Dentist Tool and Scaler၊ Operation Table, Lamp, Operation Equipment၊ မေ့ဆေးပေးစက် (Anaesthetics Machine)၊ ချွဲစုပ်စက် (Suction Machine)၊ ပိုးသတ်ပေါင်းစက်(Autoclave)၊ နှလုံးနှိုးစက် (Defibrillator)၊ အောက်ဆီဂျင်ပေးစက် (Oxygen Concentrator)၊ Microscope၊ Eye Operation Microscope၊ X-ray စက် စသည့် ခေတ်မီ ဆေးရုံသုံးပစ္စည်းများ၊ မြွေဆိပ်ဖြေဆေး၊ ငှက်ဖျားဆေး၊ ဂလူးကို့၊ အားဆေးမျိုးစုံ၊ ဖျားနာကျဆေး၊ ပိုးသတ်ဆေး၊ တစ်ခါသုံး ဆေးထိုးအပ်များ၊ လူနာဝတ်အင်္ကျီများ၊ ခွဲစိတ်ခန်းသုံး ဆရာဝန်အင်္ကျီများစသည့် ဆေးဝါးပစ္စည်းများကိုလည်း အေးမြစိုးဖောင်ဒေးရှင်းနှင့် အလှူရှင်များက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြောင်း မေးမြန်းသိရှိရသည်။

ခေတ်မီ စက်ကိရိယာများ တပ်ဆင် အသုံးပြုထားသည့် သွားကုသခန်း။(သတင်းစဉ်)

ကာကွယ်ပေးနိုင်

လှူဒါန်းခဲ့သည့် ဆေးရုံသုံးပစ္စည်းများအနက် ကျောက်ကပ်သန့်စင်စက်မှာ ဒေသအတွက် အလွန်လိုအပ်လျက်ရှိသည့် ဆေးရုံသုံး ပစ္စည်းတစ်ခုဖြစ်သည်။ ကန့်ဘလူမြို့နှင့် ပတ်ဝန်းကျင်မြို့နယ်များသည် အပူပိုင်းဒေသတွင် တည်ရှိနေသည့်အတွက် မြွေကိုက်ခံရသည့်လူနာများ အလွန်ပင်များပြားလှသည်။ သို့ဖြစ်ရာ အဆိုပါကျောက်ကပ်သန့်စင်စက်က မြွေကိုက်လူနာများ၏ အသက် အန္တရာယ်ကို ထိရောက်စွာ ကာကွယ်ပေးနိုင်တော့မည်ဖြစ်သည်။ ယင်းစက်ကို ကန့်ဘလူမြို့မှမြို့မိမြို့ဖ နာယက ဦးကျော်ညွန့်၏ စီစဉ်ပေးမှုဖြင့် မန်းမြန်မာကုမ္ပဏီလီမိတက်မှ ဦးသန်းဝင်းက လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဆေးရုံဝန်ထမ်းဖွဲ့စည်းပုံနှင့်ပတ်သက်၍ ဆေးရုံအုပ်ကြီးက ရှင်းလင်းပြောကြားရာတွင် “ကန့်ဘလူမြို့နယ်နဲ့ အခြားဆက်စပ်မြို့နယ်တွေက ဒေသနေပြည်သူများအတွက် ဒီဆေးရုံကြီးမှာ အထူးကုဌာနများ အပါအဝင် အရေးပေါ်နဲ့ သာမန်ဆေးကုဌာနတွေကို ခေတ်နဲ့လျော်ညီစွာ ပုံစံရေးဆွဲ တည်ဆောက်ခဲ့တာပါ။ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနဲ့ ကျွမ်းကျင်ဝန်ထမ်းများ အပါအဝင် စုစုပေါင်း ဝန်ထမ်းအင်အား ၂၀၁ဦးနဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်”ဟု ပြောကြားသည်။ အထူးကုဌာနများတွင် အထွေထွေဆေးပညာ၊ အထွေထွေခွဲစိတ်၊ အရိုးရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ မေ့ဆေး၊ ဓာတ်မှန်၊ ရောဂါဗေဒနှင့် သွားဌာနများ ပါဝင်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

လှိုက်လှဲဝမ်းသာ

ဆေးရုံသစ်ကြီး တည်ဆောက်ဖွင့်လှစ်ပေးခဲ့မှုအပေါ် ကန့်ဘလူမြို့ အမှတ်(၃)ရပ်ကွက်မှ ဒေသခံပြည်သူတစ်ဦးအား မည်သို့ခံစားရကြောင်း မေးမြန်းကြည့်ရာ “ဘယ့်နှယ်ပြောပါလိမ့်ဗျာ၊ လွတ်ဝမ်းသာတာပေါ့၊ အရင်တုန်းကဆို ကျုပ်တို့မြို့နယ်က လူမမာတွေ အနာသည်းရင် မန္တလေးအပါအဝင် အခြားမြို့ကြီးတွေမှာရှိတဲ့ ဆေးရုံကြီးတွေကို သွားကုရတယ်။ ခရီးကလှမ်းတော့ ဆေးရုံမရောက်မီ လူနာအသက်ဆက်နိုင်ဖို့လဲပူရ၊ ဟိုရောက်တော့လဲ လူနာရှင်တွေ တည်းဖို့ ခိုဖို့ကိစ္စတွေကိုလဲ ပူရ၊ ငွေကုန်ကြေးကျများသလို သောကလဲ မအေးနိုင်ခဲ့ပါဘူး။ အခု ခေတ်မီဆေးရုံသစ်ကြီး ဒီမှာ ဖွင့်လိုက်ပြီဆိုတော့ အိမ်မှာနေရင်း ဆေးကုလို့ရတဲ့သဘော ဖြစ်သွားတာဗျ။ နိုင်ငံတော်နဲ့ ဆေးရုံဆောက်ပြီး လှူကြတန်းကြတဲ့ အလှူရှင်တွေကတော့ ကျုပ်တို့ နယ်သူနယ်သားတွေအတွက် အင်မတန် ကျေးဇူးကြီးလှသပေါ့ဗျာ”ဟု လှိုက်လှဲဝမ်းသာစွာ ပြောပြရှာသည်။

ဖြည့်ဆည်းပေးနိုင်

မှန်ပေသည်။ ကန့်ဘလူမြို့တွင် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီး ခံ့ညားထည်ဝါစွာပေါ်ထွန်းလာမှုနှင့်အတူ ကန့်ဘလူဒေသတစ်ဝိုက်မှ ဒေသခံပြည်သူများအနေဖြင့် အထူးကု ဆရာဝန်ကြီးများဖြင့် လွယ်လွယ်ကူကူ အချိန်မရွေး ပြသကုသမှု ခံယူနိုင်ကြပေတော့မည်။ ကန့်ဘလူ မြို့နယ်တွင်သာမက ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ တန့်ဆည်၊ ဒီပဲယင်း၊ ကျွန်းလှ၊ ကောလင်း၊ ဝန်းသို၊ ကသာ၊ ထီးချိုင့်၊ ဗန်းမောက်၊ ပင်လည်ဘူးစသည့် ရွှေဘိုခရိုင်နှင့် ကသာခရိုင်အတွင်းရှိမြို့နယ်များ၊ အခြားဆက်စပ်မြို့နယ်များမှ ဒေသခံပြည်သူများအတွက် အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဤပြည်သူ့ဆေးရုံသစ်ကြီးက ကျယ်ပြန့်ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပေသည်။ ။ **(သတင်းစဉ်)**

* *ကျောဖုံးမှ*

ဝမ်းသာကြည်နူးမိ

ခရီးစဉ်များပြီးသည်နှင့် မကြာမီ ရက်ပိုင်းအတွင်း၌ နောက်ထပ်ခရီး တစ်ခု ထပ်မံ ပေါ်လာပြန်သည်။ ပေါ်လာသည့်ခရီးစဉ်နှင့် တာဝန် ထမ်းဆောင်ရမည့်ခရီးစဉ် ခေါင်းစဉ် ကလည်း ကျွန်တော်၏သတင်းသမား ဘဝနှင့် လုပ်သက်အရ တစ်ခါမျှ တွေ့ကြုံခဲ့ဖူးခြင်းမရှိသည့် သတင်း မျိုးဖြစ်သည်။ ဒါ့ကြောင့် ထိုခရီး မျိုးကို သွားရမည်ဆိုတော့ ဝမ်းသာ ကြည်နူးမိသည်။

သွားရမည့် ခရီးစဉ်နေရာက ရခိုင်ပြည်နယ် မာန်အောင်ကျွန်း။ တာဝန်ထမ်းဆောင်ရမည့်ခရီးခေါင်းစဉ် က ဘင်္ဂလားပင်လယ်အော် အတွင်း တည်ရှိနေသည့် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကျွန်းဖြစ်သည့် မာန်အောင်ကျွန်းကြီးတစ်ကျွန်းလုံးအား အနားသတ်၍ ပတ်လည်ဖောက်လုပ် ထားသော ကျွန်းပတ်လမ်းသစ်ကြီး ဖွင့်ပွဲဖြစ်သည်။ ထိုအတွက်ကြောင့် ဌာနမှ ပေးအပ်သည့်တာဝန်ကို ကြည်ဖြူစွာ လက်ခံရင်း ရခိုင် သွေးချင်းတို့ဌာနေ မေဃဝတီမာန် အောင်မြေသို့ ခရီးဆက်ခဲ့ရသည်။

ဂုဏ်သိက္ခာပိုမိုမြင့်

ရန်ကုန်မြို့မှတစ်ဆင့် မာန်အောင် မြို့သို့ ဝေဟင်၊ မြေပြင်၊ ရေပြင် ခရီးအဆင့်ဆင့်ဖြင့် ခရီးဆက်ခဲ့ရာ မာန်အောင်မြို့ကို ကျွန်တော်တို့ သတင်းအဖွဲ့သားများ ရောက်တော့ ညနေပင်စောင်းနေချေပြီ။ မာန်အောင် မြို့ သင်္ဘောဆိပ်ကို အမြန်ရေယာဉ် ကပ်လိုက်သည်နှင့် သင်္ဘောဆိပ်၌ ကုန်ရောင်း ကုန်ဝယ်များ၊ ငါးဖမ်း စက်လှေများ၊ ခရီးသွား စက်လှေများ နှင့် စည်စည်ကားကား ပျားပန်းခပ် မျှ သွားလာလှုပ်ရှားနေသော ပြည်သူ များကိုတွေ့ရတော့ မာန်အောင်မြို့ ဖွံ့ဖြိုးစည်ပင်နေမှု၏ ပြယုဂ်ကို ပထမဦးစွာ သတိပြုမိလိုက်ရသည်။ မာန်အောင်မြို့တွင်းကို ရောက်သည် နှင့် ညီညာပြန့်ပြူးသော ကတ္တရာ လမ်းများ၊ ဖွံ့ဖြိုးစည်ပင်နေသည့် တိုက်တာအဆောက်အအုံများ၊ ဌာန ဆိုင်ရာရုံးများ၊ ဆေးရုံ၊ စာကြည့်တိုက်၊ ဈေးနှင့် ကျောင်းများက မျက်စိရှေ့ တည့်တည့်သို့ တိုးဝင်လာသည်။ ဒီထက်မက ထင်ထင်ရှားရှား ရှိလှ သည်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မှ ကျွန်းပေါ်နေ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ဘက်စုံလုပ်ငန်းများတွင် အသုံးပြုနိုင် ရန်အတွက် တည်ဆောက်တပ်ဆင် ပေးထားသော မိုက္ကရိုဝေ့ဗ် တာဝါ တိုင်ကြီးပင်။ ယင်းတာဝါတိုင်ကြီးက ကျွန်း၏ ဂုဏ်သိက္ခာကို ပိုမိုမြင့်တင် ပေးထားသည်။ မာန်အောင်မြို့သည် မာန်အောင်ကျွန်း၊ ရဲကျွန်းနှင့် တိုက် ကျွန်းဟုခေါ်သော ကျွန်း သုံးကျွန်း ဖြင့် ဖွဲ့စည်းထားပြီး တစ်မြို့နယ်လုံး ၂၀၂၁၁.၉ ဝ၅ စတုရန်းမိုင် ကျယ်ဝန်း သည်။ ကျွန်းသည် အရှေ့မှအနောက် ၂၂မိုင်၊ တောင်နှင့်မြောက် ၁၈မိုင်ရှိပြီး ရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၃၆အုပ်စုနှင့် ကျေးရွာပေါင်း ၁၃၈ရွာ အထိရှိသည်ကို ကြည့်ပါက မာန်အောင် ကျွန်းကြီးသည် မည်မျှအထိ ကြီးမား ကျယ်ဝန်းလှသည်ကို ခန့်မှန်းသိရှိနိုင် မည် ဖြစ်သည်။

လှုပ်ရှားတက်ကြွ

ဖေဖော်ဝါရီ ၆ရက် ဟေမာန် ကာလ မင်္ဂလာရှိသော နံနက်ခင်းလေး တွင် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျွန်းပတ် လမ်းသစ်ကြီး ဖွင့်ပွဲကျင်းပ မည့် မုခ်ဦးရှေ့၌ မာန်အောင်မြို့သူ မြို့သားများကို လှုပ်လှုပ်ရှားရှား တက်တက်ကြွကြွ မြင်တွေ့နေရသည်။ ပင်လယ်ဘက်မှ အေးမြစွာ တိုက်ခတ် လာသော သန့်ရှင်းလတ်ဆတ်သည့် လေနုအေးများက ပျော်ရွှင်တက်ကြွနေ သော ကျွန်းပေါ်နေ ဒေသခံပြည်သူ များ၏ ရင်အစုံကို တိုးဝှေ့ တိုက်ခတ် နေရုံတင်မဟုတ်ဘဲ ကျွန်တော်တို့၏ ရင်တွင်းအစုံကိုပါ လွှမ်းခြုံတိုက်ခတ် လာနေသည်။ သူတို့၏ ပျော်ရွှင်မှု အပြုံးများသည် နံနက်ခင်း နေခြည်နုနု အောက်တွင် အလွန်မင်္ဂလာရှိလှ သည်။ ထိုမင်္ဂလာရှိသော အချိန်အခါ ၌ မင်္ဂလာရှိသော မေးခွန်းလေးကို ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် လာသော မြို့သစ်ရပ်ကွက်မှ အသက် ၈၂နှစ်ရှိပြီဖြစ်သော အဘ ဦးချမ်းတင် အား ကျွန်းပတ်လမ်းကြီး ဖွင့်လှစ်မှု ကြောင့် တွေ့မြင်ခံစားရသည့် ရင်တွင်း စကားအား စေ့ငုမေးကြည့်မိရာ "အဘက ပညာရေးဌာနက ဝန်ထမ်း အငြိမ်းစားပါ၊ ဒီလမ်းဟာ အရင်တုန်း က တောကြိုအုံကြားက လမ်းကလေး တစ်ခုပါ။ လူတစ်ယောက်သာသာသာ သွားလို့ရတဲ့လမ်းပါ။ အရင်တုန်းက လေးငါးမိုင်လောက်သာ ဝေးတဲ့ရွာက နေ မကျန်းမာတဲ့သူကို အထမ်းနဲ့ မြို့ပေါ်ကို အရေးပေါ် သယ်မယ်ဆိုရင် နှစ်နာရီကျော်လောက် သယ်ရတယ်။ အခု ဒီလမ်းကြီး ပြီးသွားပြီဆိုတော့ မိနစ်ပိုင်းလောက်ပဲ ကြာတော့မယ်။ ကားနဲ့လည်း သယ်လို့ရသွားပြီပေါ့။ ဟိုးတုန်းက လမ်းကလည်း မကောင်း တော့ လုံခြုံရေးလည်း မကောင်းဘူး၊ အခုတော့ လုံခြုံရေးလည်း ကောင်းသွား ပြီ၊ အရင်က လေးငါးမိုင် ဝေးတဲ့ ရွာကနေ သင်္ဘောဆိပ်ကို အထမ်းနဲ့ ကုန်ပို့မယ်ဆိုရင်လည်း လူနဲ့ထမ်းခ တစ်ထောင်ကျော်လောက် ပေးရတယ်၊ အခုတော့ ကားနဲ့ပဲ သယ်သယ်၊ ဆိုင်ကယ်နဲ့ပဲ သယ်သယ် ကျပ် ၂၀၀ လောက်ပဲ ပေးရတော့တယ်။ နောက်ပြီး အချိန်တွေလည်း အများကြီး သက်သာ သွားတဲ့အတွက် ဒီလမ်းကြီးက အဘတို့ အတွက်တန်ဖိုးမဖြတ်နိုင်ပါဘူး" ဟု သူ၏ သက်တမ်းတစ်လျှောက် တွေ့ကြုံ ခံစားခဲ့ရသည်များကို ရှင်းပြသည်။

မာန်အောင်ကျွန်း ကျွန်းပတ်လမ်းသစ်ဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဓာတ်ပုံမှတ်တမ်း-

မာန်အောင်ကျွန်းပတ်လမ်းပိုင်း တစ်နေရာကို တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း-သာညဏ်(သတင်းစဉ်)

လူမှုစီးပွားဘဝမြင့်မား

နိုင်ငံတော် အကြီးအကဲက ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အားလုံး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများ၌ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် အခြေခံ အဆောက်အအုံ ဖြစ်သည့် လမ်းဖောက်လုပ်မှုလုပ်ငန်း များနှင့် ပတ်သက်၍ မိန့်ကြားခဲ့ရာ တွင် "လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုး တိုးတက်မှသာ လူမှုစီးပွားဘဝ မြင့်မား လာမှာဖြစ်တဲ့အတွက် လမ်းပန်း ဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်အောင် အထူးအလေးပေး ဆောင်ရွက်နေတာ ဖြစ်တယ်။ လမ်းပန်းဆက်သွယ်ရေး ဟာ စွမ်းအားတစ်ခုဖြစ်ပြီး အဓိက ကျတဲ့ အခြေခံ အဆောက်အအုံတစ်ခု ဖြစ်တယ်" ဟု မိန့်ကြားခဲ့သည်ကို ပြန်လည် သတိရမိသည်။

"ဒီလမ်းမသစ်ကြီး ပြီးသွားပြီဆိုတော့ သမီးတို့ ကျောင်းသား ကျောင်းသူတွေ မြို့ပေါ်ကိုသွားပြီး အချိန်မီ ပညာသွားသင်နိုင်ကြပြီဖြစ်လို့ အရမ်းပျော်ပါတယ်"

မနီနီဝင်းဇော်နှင့်အဖွဲ့
ဘုရားကြီးကုန်းကျေးရွာ။

မာန်အောင်ကျွန်း ကျွန်းပတ်လမ်းသစ်ကြီးကို ဤသို့ လှပစွာ တွေ့မြင်ခဲ့ရသည်။

ဓာတ်ပုံမှတ်တမ်း-သာညဏ်(သတင်းစဉ်)

ဖောက်လုပ်ထား

ကျွန်းပတ်လမ်းကြီး ဖောက်လုပ်ခဲ့ ရသည့် လုပ်ငန်းပိုင်းနှင့်ပတ်သက်၍ လည်း ကျောက်ဖြူခရိုင် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင် နီယာမှူးကြီး ဦးခင်စိုးက ပြောပြရာ တွင် "လမ်းပန်းဆက်သွယ်ရေးတွေ ဖွံ့ဖြိုးတိုးတက်လာမှ ဒေသခံပြည်သူ တွေရဲ့ လူနေမှုဘဝတွေ မြင့်မား တိုးတက်လာမှာဖြစ်တဲ့အတွက် ဒီကျွန်း ပတ်လမ်းကြီးကို ရာသီမရွေး ကား၊ ဆိုင်ကယ်နဲ့ စက်ဘီးတွေပါ သွားလာ နိုင်တဲ့ လမ်းကြီးတစ်ခုဖြစ်လာအောင် အဆင့်မြင့် ဖောက်လုပ်ခဲ့တာပါ။ ဒီကျွန်းပတ်လမ်းသစ်ကြီးဟာ ကျွန်း တစ်ပတ်လုံး ၅၁မိုင် ၄ဖာလုံ ရှည်လျား ပါတယ်။ ကျောက်ချောလမ်းဟာ ရှစ်မိုင်ရှိပြီး အမာခံလမ်းက ၄၃မိုင် နဲ့ ၄ဖာလုံရှိပါတယ်၊ လမ်းရဲ့အကျယ် က ၁၂ပေ အကျယ်ဖောက်လုပ်ထား ပါတယ်။ ဒီလမ်းကြီးဟာ ကျေးရွာ ၃၇ရွာကို ဖြတ်သန်းသွားမှာ ဖြစ်ပါ တယ်။ လမ်းမကြီးပေါ်မှာ တံတားကြီး ငယ်ပေါင်းအစင်း ၁၉၀ တည်ဆောက် ထားပါတယ်။ အခု ဒီလမ်းဟာ ရာသီ မရွေး သွားလာနိုင်တဲ့ လမ်းဖြစ်တဲ့ အတွက် ဒေသခံပြည်သူတွေအတွက် များစွာ အထောက်အကူပြုမှာ ဖြစ်ပါ တယ်" ဟု သူ၏လမ်းဖောက်လုပ်ခဲ့ရမှု အပိုင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောပြ သည်။

"ဒီကျွန်းပတ်လမ်းကြီးကို ရာသီမရွေး ကား၊ ဆိုင်ကယ်နဲ့ စက်ဘီးတွေပါ သွားလာနိုင်တဲ့ လမ်းကြီးတစ်ခု ဖြစ်လာအောင် အဆင့်မြင့်ဖောက်လုပ်ခဲ့တာပါ"

ဦးခင်စိုး
အင်ဂျင်နီယာမှူးကြီး
ကျောက်ဖြူခရိုင်
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း။

ကျွန်းပတ်လမ်းသစ်ပေါ်ပေါက်လာ

မာန်အောင်မြို့သည် ကျောက်ဖြူ ခရိုင်အတွင်းတွင် တည်ရှိပြီး ခအုံး မော်၊ မျှော်တော်ဦးမော်၊ ဇီးတော်မော်၊ ဘဲမော်စသည့် အငူ လေးငူ ပတ်လည် ဝန်းရံနေသဖြင့် စတုပတ်ကျွန်းဟု လည်း ခေါ်တွင်ခဲ့သော မာန်အောင် ဒေသမှာ ရခိုင်ကမ်းရိုးတန်းနှင့် မိုင် ၆၀ကျော် ကွာဝေးသည်။ အဆိုပါ မာန်အောင်ကျွန်းပတ် လမ်းကြီးအား ၁၉၉၁ခုနှစ်မှ ၁၉၉၃ခုနှစ်အထိ ပြည်သူအင်အားဖြင့် ဖောက်လုပ်ခဲ့ပြီး ၁၉၉၇-၉၈ခုနှစ်မှစတင်၍ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ ပြင်ဆင် ထိန်းသိမ်းခဲ့သည်။ ထို့နောက် အဆိုပါ ကျွန်းပတ်လမ်းကြီးအား နိုင်ငံတော်ဝန်ကြီးချုပ်၏ (၂/၂၀၀၇) ခရီးစဉ်အတွင်း၌ တစ်ပတ် လမ်း ပေါက်သည်အထိ ဖောက်လုပ်ရန်နှင့် လိုအပ်သော တံတားများ ဆောက်လုပ် ရန် မှာကြားခဲ့သည့်အတွက် ယခုကဲ့သို့ အချိန်တို ကာလအတွင်း၌ ကျွန်းပတ် လမ်းသစ်ကြီးအဖြစ် ပေါ်ပေါက်လာခဲ့ ရခြင်းဖြစ်ကြောင်း သိရသည်။

ဝိုင်းဝန်းထိန်းသိမ်း

မာန်အောင်မြို့၏ အနောက်ဘက် မှ ပတ်လျှင် မိုင် ၃၀ခန့် ကွာဝေးပြီး မာန်အောင်မြို့ အရှေ့ဘက်မှပတ်လျှင် ၂၁မိုင် ၄ဖာလုံ အကွာအဝေးတွင် ရှိသော သဘာဝကမ်းခြေ အပန်းဖြေ စခန်းတစ်ခုကဲ့သို့ သာယာလှပနေ သည့် ပင်လယ်ကမ်းခြေတစ်ခုကို ပိုင်ဆိုင်ထားသော ကအီးကမ်းခြေ အနီးရှိ ကအီးကျေးရွာမှ ဦးရွှေထွန်း အောင်ကလည်း "အရင်က မိုးတွင်း ဆိုရင် ရွှံ့တွေ၊ ဗွက်တွေနဲ့ သွားလို့မရ ဘူး၊ နွေနဲ့ ဆောင်းဆိုရင်လည်း ကျောက်ခဲတွေ ဖုန်တွေနဲ့ သွားလို့ မလွယ်ဘူး၊ အဲဒါကြောင့် ဆိုင်ကယ်တို့ စက်ဘီးတို့ စီးလို့မရဘူး၊ ဘာ လုပ် လုပ် ဘယ်သွားသွား ခြေကျင်ပဲ သွားရ တယ်၊ ကျွန်တော်တို့ ကအီးကနေ မာန်အောင်ကို အရှေ့ဘက်လမ်းက မနက် ၆နာရီကသွားရင် ညမိုးချုပ်မှ ရောက်တယ်၊ နားနားနေနေ သွားရင် တော့ လမ်းမှာ ညအိပ်ရတယ်၊ အရင် က ကလေးတွေ ရွာမှာ လေးတန်း လောက် ကျောင်းတက်ပြီးသွားရင် သွားရေးလာရေး အဆင်မပြေတော့ တဲ့အတွက် ကျောင်းဆက်မတက်နိုင် ကြတော့ဘူး၊ အခုဆိုရင် မာန်အောင် မြို့ပေါ်ကို ကျောင်းသွားတက်နိုင်ပြီ၊ အခုဆို ရွာကနေ မာန်အောင်မြို့ပေါ် ကို ကားနဲ့ဖြစ်ဖြစ်၊ ဆိုင်ကယ်နဲ့ဖြစ်ဖြစ်

"အရင်က ကလေးတွေ ရွာမှာ လေးတန်းလောက် ကျောင်းတက်ပြီးသွားရင် သွားရေးလာရေး အဆင်မပြေတဲ့အတွက် ကျောင်းဆက်မတက် နိုင်ကြဘူး။ အခုဆိုရင် မာန်အောင် မြို့ ပေါ် ကို ကျောင်းသွားတက်နိုင်ပြီ"

ဦးရွှေထွန်းအောင်
ကအီးကျေးရွာ။

မာန်အောင်ကျွန်း ကျွန်းပတ်လမ်းပေါ်၌ ဤ...
များကိုလည်း ဆောက်လုပ်ပေးထားသည်။

ဓာတ်ပုံမှတ်တမ်း-

သွားရင် တစ်နာရီနဲ့ တစ်နာရီခွဲပဲ ကြာတော့တယ်။ အခုကုန်ပစ္စည်းတွေ ကိုလည်း ထော်လာဂျီတို့၊ ဆိုင်ကယ် တို့နဲ့ သယ်နေကြပြီ၊ ဒီလမ်းမကြီး ပြီးသွားတဲ့အတွက် ကျွန်တော်တို့က နိုင်ငံတော်အစိုးရကို ကျေးဇူးတင်မဆုံး ဖြစ်နေကြပါတယ်၊ လမ်းကြီးကောင်းမွန် ဖို့အတွက်လည်း ဝိုင်းဝန်းထိန်းသိမ်း သွားပါမယ်" ဟု ကြည်နူးဝမ်းသာစွာ ပြောပြရှာသည်။

မာန်အောင်ကျွန်း ကျွန်းပတ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဤသို့ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဓာတ်ပုံမှတ်တမ်း-သာညဏ်(သတင်းစဉ်)

အနီးရှိ ကအီးကျေးရွာမှ ဦးရွှေထွန်းအောင်ကလည်း "အရင်က မိုးတွင်းဆိုရင် ရွှံ့တွေ၊ ဗွက်တွေနဲ့ သွားလို့မရဘူး၊ နွေနဲ့ ဆောင်းဆိုရင်လည်း ကျောက်ခဲတွေ ဖုန်တွေနဲ့ သွားလို့မလွယ်ဘူး၊ အဲဒါကြောင့် ဆိုင်ကယ်တို့ စက်ဘီးတို့ စီးလို့မရဘူး၊ ဘာ လုပ်လုပ် ဘယ်သွားသွား ခြေကျင်ပဲ သွားရတယ်၊ ကျွန်တော်တို့ ကအီးကနေ မာန်အောင်ကို အရှေ့ဘက်လမ်းက မနက် ၆နာရီကသွားရင် ညမိုးချုပ်မှ

"အရင်က ကလေးတွေ ရွာမှာ လေးတန်းလောက် ကျောင်းတက်ပြီးသွားရင် သွားရေးလာရေး အဆင်မပြေတဲ့အတွက် ကျောင်းဆက်မတက် နိုင်ကြဘူး။ အခုဆိုရင် မာန်အောင် မြို့ ပေါ် ကို ကျောင်းသွားတက်နိုင်ပြီ"

ဦးရွှေထွန်းအောင် ကအီးကျေးရွာ။

ရောက်တယ်၊ နားနားနေနေ သွားရင်တော့ လမ်းမှာ ညအိပ်ရတယ်၊ အရင်က ကလေးတွေ ရွာမှာ လေးတန်းလောက် ကျောင်းတက်ပြီးသွားရင် သွားရေးလာရေး အဆင်မပြေတော့တဲ့အတွက် ကျောင်းဆက်မတက်နိုင်ကြတော့ဘူး၊ အခုဆိုရင် မာန်အောင်မြို့ပေါ်ကို ကျောင်းသွားတက်နိုင်ပြီ၊ အခုဆို ရွာကနေ မာန်အောင်မြို့ပေါ်ကို ကားနဲ့ဖြစ်ဖြစ်၊ ဆိုင်ကယ်နဲ့ဖြစ်ဖြစ် ဆိုင်ကယ် စီးလို့မရတဲ့အတွက် ခြေကျင်ပဲ သွားကြရတယ်၊ မိုးတွင်းဆိုလျှင်လည်း ဗွက်တွေနဲ့၊ နွေဆိုလျှင်လည်း ဖုန်တွေနဲ့ အရမ်းခက်ခဲပါတယ်။ အခုတော့ ဒီလမ်းမသစ်ကြီး ပြီးသွားပြီဆိုတော့ သမီးတို့ ကျောင်းသား ကျောင်းသူတွေ မြို့ပေါ်ကိုတက်ပြီး အချိန်မီ ပညာသွားသင်နိုင်ကြပြီဖြစ်လို့ အရမ်းပျော်ပါတယ်" ဟု ပြောပြသည်။

အချိန်မီသင်ကြားနိုင်

ကျွန်းပတ်လမ်းပေါ်ရှိ ဘုရားကြီးကုန်းကျေးရွာမှ မာန်အောင်မြို့ပေါ်သို့ သွားရောက်၍ ပညာသင်ကြားနေသော တက္ကသိုလ်ဝင်တန်း ကျောင်းသူ မနီနီဝင်းဇော်နှင့် သူငယ်ချင်းများကလည်း "သမီးတို့ ရွာကနေ မာန်အောင်မြို့ပေါ်မှာ ကျောင်းသွားတက်နေ ရတာပါ။ ရွာနဲ့မြို့က တစ်မိုင်ခွဲလောက်သာ ဝေးပေမယ့် လမ်းက စက်ဘီး၊

မာန်အောင်ကျွန်း ကျွန်းပတ်လမ်းပေါ်၌ ဤသို့ အခိုင်အမာ တံတားများကိုလည်း ဆောက်လုပ်ပေးထားသည်။

ဓာတ်ပုံမှတ်တမ်း-သာညဏ်(သတင်းစဉ်)

သွားရင် တစ်နာရီနဲ့ တစ်နာရီခွဲပဲ ကြာတော့တယ်။ အခုကုန်ပစ္စည်းတွေကိုလည်း ထော်လာဂျီတို့၊ ဆိုင်ကယ်တို့နဲ့ သယ်နေကြပြီ၊ ဒီလမ်းမကြီး ပြီးသွားတဲ့အတွက် ကျွန်တော်တို့က နိုင်ငံတော်အစိုးရကို ကျေးဇူးတင်မဆုံးဖြစ်နေကြပါတယ်၊ လမ်းကြီးကောင်းမွန်ဖို့အတွက်လည်း ဝိုင်းဝန်းထိန်းသိမ်းသွားပါမယ်" ဟု ကြည်နူးဝမ်းသာစွာ ပြောပြရှာသည်။

တိုးတက်မြင့်မား

ယခုအခါ ရေပတ်လည်ဝိုင်းရံလျက်ရှိသည့် မေဃဝတီမာန်အောင်ကျွန်းကို အနားသတ်ပေးထားသော ဤကျွန်းပတ် လမ်းသစ်ကြီးကြောင့် ကျွန်းပေါ်နေပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း များစွာတိုးတက်မြင့်မားလာစေတော့မည် ဆိုသည်မှာ ဧကန်အမှန်ပင် ဖြစ်ပေတော့သည်။ ။ **(သတင်းစဉ်)**

တစ်ပြည်လုံးတွင်သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ တနင်္သာရီတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၆ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီလ ၁၅ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာ ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

၁။ **ကမ္ဘာတစ်ဝန်းကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု**

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီအထိ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော နိုင်ငံပေါင်း ၆၁နိုင်ငံရှိပြီး ၂၀၁၀ခုနှစ် ဇန်နဝါရီအတွင်း မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ အချို့အပါအဝင် နိုင်ငံခုနစ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုရှိကြောင်း သိရှိရသည်။

(ခ) **လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု**

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီလအထိ နိုင်ငံ ၁၅နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ (H5N1)လူသို့ကူးစက်မှု ၄၇၁ဦးရှိပြီး ၂၈၂ဦး သေဆုံးကြောင်း သိရှိရသည်။

၂။ **မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ သုံးကြိမ်ဖြစ်ပွားခဲ့ပါသည်။ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဥစားကြက် မွေးမြူရေးခြံတစ်ခြံ၌ ဖြစ်ပွားသဖြင့် ရောဂါထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

၃။ **ရောဂါကာကွယ်ထိန်းချုပ်ရေး**

အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အလေးထား ဆောင်ရွက်ရန်၊

(ခ) မွေးမြူရေးခြံလုပ်သားများ လက်အိတ်၊ နှာခေါင်းစည်း ဝတ်ဆင်ရန်နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊

(ဂ) ကြက်ငှက်အသေများကို စားသုံးခြင်း၊ ရောင်းချခြင်း၊ စည်းကမ်းမဲ့လွှင့်ပစ်ခြင်းမပြုဘဲ စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊

(ဃ) ကြက်ငှက်များ သံသယဖြစ်ဖွယ် သေဆုံးကြောင်း သိရှိပါက နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်၊

(င) ကြက်ငှက် အသား၊ ဥတို့ကို ကျက်အောင် ချက်ပြုတ်စားသုံးရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

ပြည်ထောင်စုနေ့ ဂုဏ်ပြုဟောပြောပွဲ ပိုလ်တထောင် အမက(၆)တွင် ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုနေ့ ဟောပြောပွဲကို ဖေဖော်ဝါရီ ၅ရက် မွန်းလွဲ ၁နာရီက ဗိုလ်တထောင်မြို့နယ် အမက(၆)၌ကျင်းပရာ ဗိုလ်တထောင်မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးကျော်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းနွဲ့က ပြည်ထောင်စုသား ညီနောင်များ ညီညွတ်ခြင်းသည် ဒို့အင်အား ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် အမက(၆) ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်မြင့်**(ယာပုံ)**က ကျေးဇူးတင်စကား ပြောကြားပြီး ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံးဆုရ ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပေးအပ်သည်။ **(ပညာရေး)**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကျွန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ ၁၃ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၂၁) သစ်စက် ကွဲရှင်းသို့ရောက်ရှိပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် နေပြည်တော်တပ်ကုန်းမြို့နယ် ငလိုက်ကြိုးဝိုင်းအတွင်းရှိ သစ်တောဦးစီးဌာန၏ ၂၀၀၇-၂၀၀၈ခုနှစ် ကျွန်းစိုက်ခင်းဧက ၁၀၀၀သို့ရောက်ရှိပြီး ကျွန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ စိုက်ခင်းရှင်းလင်းဆောင်၌ သစ်တောသုတေသနဌာနမှ ညွှန်ကြားရေးမှူး ဦးငွေအောင်က နေပြည်တော်ခရိုင်အတွင်း သက်ကြီး၊ သက်လတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု၊ သက်နုစိုက်ခင်းများ၌ ပွင့်လင်းရာသီ မီးဘေးအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးသည် ကျွန်းစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အောင်မြင်ဖြစ်ထွန်း

ဆက်လက်၍ ဝန်ကြီးသည် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံကိန်း မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင် ကြိုးဝိုင်းအတွင်း တည်ထောင်ထားရှိသည့် ၂၀၀၇ ခုနှစ် သီးခြား ကျွန်းစိုက်ခင်းဧက ၃၀၀၌ ကျွန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စိုက်ခင်းရှင်းလင်းဆောင်၌ မကွေးတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းမြင့်က တည်ထောင်ပြီး စိုက်ခင်းများ ပြုစုထိန်းသိမ်းထားရှိမှု အခြေအနေနှင့် ပွင့်လင်းရာသီ မီးဘေးအန္တရာယ် ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ပထမဆုံး မြန်မာအက္ခရာပါဝင်သည့် Laptop Micro Computer က စတင်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကွန်ပျူတာသုံးစွဲသူ မြန်မာများအတွက် မြန်မာအက္ခရာပါဝင်သည့် ကမ္ဘာ့ပထမဆုံး Laptop ကို Micro Computer က စတင်တင်သွင်းဖြန့်ချိလျက်ရှိသည်။ **(ယာပုံ)**

ခံနိုင်ရည်ရှိ

၂၀၁၀ခုနှစ် မြန်မာနိုင်ငံ ဈေးကွက်အတွက် ထုတ်လုပ်ဖြန့်ချိသည့် Hasee အမှတ်တံဆိပ် Model FU 401 နှင့် FU 402 Laptop သည် မည်သည့် Laptop တွင်မှ မပါရှိသည့် မြန်မာအက္ခရာလက်ကွက်ကို ထည့်သွင်းထားရှိသည်။ Screen ၏ ထောင့်ဖြတ်အကျယ်မှာ ၁၄လက်မရှိပြီး 16:9 မြင်ကွင်းကျယ်ပုံစံ WXGA LED Backlight Screen သည် Resolution အနေဖြင့် 1366 x 768 ရှိသဖြင့် ကြည်လင်ပြတ်သားသည့် ပုံရိပ်များ ဖော်ပြပေးနိုင်သည်။ ထို့အပြင် LED မီးသီး၏ သက်တမ်းမှာ မာကျူရီမီးသီးထက် သက်တမ်း ၁၀ဆ ခံနိုင်ရည်ရှိသည်။

Specification အနေဖြင့် CPU Intel dual core 2.2 GHz T 4400 (L2 cache 1MB/ Front Side Bus 800) ရှိပြီး HDD 250 GB SATA ကို ထည့်သွင်းထားသည်။ Optical drive မှာလည်း ရေးနိုင်ဖတ်နိုင်သည့် DVD-RW Super multi ကို အသုံးပြုထားသည်။

သိမ်းထားနိုင်

4-in-1-Card reader ပါရှိပြီး ကြိုးမဲ့ကွန်ရက်စနစ် Wireless LAN 802.11 b/g နှင့် ကြိုးဖြင့်ချိတ်ဆက်သုံးနိုင်ရန် 10/100 LAN ပါရှိသည့်အတွက် အင်တာနက်ကို ကောင်းမွန်စွာ အသုံးပြုနိုင်သည်။ 1.3 Mega Pixels Webcam တပ်ဆင်ထားခြင်းကြောင့် သင်၏ လျှပ်တစ်ပြက်ပုံများကို မှတ်တမ်းတင် သိမ်းထားနိုင်ပြီး VZO, Skype အစရှိသည့် Software များသုံးနိုင်ကာ အဝေးရောက် မိသားစုဝင်များအား Face to Face မြင်တွေ့ရသလို ခံစားနိုင်သည်။

ဝယ်ယူရရှိနိုင်

အခြား Laptop များထက် ပေါ့ပါးပြီး အလေးချိန်မှာ 2kg သာရှိသည်။ Memory မှာ FU 401 အတွက် 1 GB, FU 402 အတွက် 2GB ပါရှိသည်။ စိတ်ပါဝင်စားသည့် သုံးစွဲသူများအတွက် မြန်မာနိုင်ငံ တစ်ဦးတည်းကိုယ်စားလှယ် Micro Computer Co.,Ltd. အမှတ် (၁၄၃) ၄၆လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၄၅၀၃၊ ၂၀၂၄၅၃နှင့် ၇၂၁၆၆၈နှင့် ရန်ကုန်၊ မန္တလေးမြို့များရှိ ကွန်ပျူတာအရောင်းဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလင်းရောင် အစမ်းတွင်း အမှတ်(၃)ကြည့်ရှု

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ လှည်းကူးမြို့နယ်ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရှာဖွေတူးဖော်နေသည့် အလင်းရောင်အစမ်းတွင်း အမှတ်(၃)ကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အလင်းရောင် အစမ်းတွင်းတူးဖော်မှုစစ်ဆေး

ကုန်းတွင်းသဘာဝဓာတ်ငွေ့ ပိုမိုတိုးတက် ထုတ်လုပ်နိုင်ရေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်နေသည့် အလင်းရောင်အစမ်းတွင်း အမှတ်(၃) တူးဖော်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူတို့က အလင်းရောင် အစမ်းတွင်း အမှတ်(၃) တူးဖော်နေသည့် အခြေအနေများ၊ လှည်းကူးနှင့် အင်းတိုင်ဒေသတို့၏ ဘူမိဗေဒအနေအထားများနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မည့်အခြေအနေ၊ တူးဖော်ထုတ်လုပ်နိုင်မည့် အလားအလာများ၊ လှည်းကူးဒေသ၌ ဆိုက်စမစ်တိုင်းတာနေမှု လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဝန်ကြီးက ယခုအလင်းရောင် အစမ်းတွင်း အမှတ်(၃) တူးဖော်နေမှုကို သတ်မှတ်ကာလအတွင်းပြီးစီးအောင် တူးဖော်နိုင်ရေးအတွက် အားလုံးက ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်အတွက် နှစ်စဉ်တိုးတက်များပြားလာသော သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကမ်းလွန်သဘာဝဓာတ်ငွေ့ကို ပိုမိုတိုးတက်သုံးစွဲနိုင်အောင် ဆောင်ရွက်နေလျက်ရှိသကဲ့သို့ တစ်ဖက်ကလည်း ကုန်းတွင်းသဘာဝဓာတ်ငွေ့ ပိုမိုတိုးတက်ထုတ်လုပ်သွားနိုင်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း စသည်ဖြင့် မှာကြားပြီး ရှေ့ဆက်လက် ဆောင်ရွက်သွားရမည့် အစီအစဉ်များကို ချမှတ်ပေးသည်။

အန္တရာယ်ကင်းရေး

ယင်းနောက် ဝန်ကြီးသည် အလင်းရောင်အစမ်းတွင်း အမှတ်(၃)အား တူးဖော်လျက်ရှိသည့် GEFCO IV တွင်းတူးစင်ပေါ်သို့ တက်ရောက်၍ တွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်အနက်ပေသို့ ချောမွေ့စွာ ရောက်ရှိ တူးဖော်စမ်းသပ်နိုင်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅-၂-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်း ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အဂ္ဂိဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၁၀ ၇။ စိတ်လက်ပန်းဖြေ နေပြည်တော်ရေပန်းဥယျာဉ်မှာလေ
- ၈း၂၀ ၈။ အတီးပြိုင်ပွဲ
- ၈း၃၀ ၉။ ချောင်းကမ်းဘေးက ရွာကလေး
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄း၃၀ ၄။ တေးဂီတအစီအစဉ် မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၄း၄၀ ၅။ အကပဒေသာ
- ၄း၅၀ ၆။ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (အင်္ဂလိပ်စာဘာသာရပ်)
- ၅း၂၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၂၅ ၈။ တေးဂီတအစီအစဉ်
- ၅း၄၀ ၉။ ရုပ်ပါတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း-၃၄)
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)
- ၁၆။ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (ရခိုင်ပြည်နယ်)
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၂၅)
- ၂၀။ သုခမရင်ပြင်
- ၂၁။ အစီအစဉ်ပြီး၏။

ယခုအပတ်ထုတ် မြန်မာပို့စ် ဂျာနယ် ထုတ်ဝေဖြန့်ချိလိုက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ် (၇)ကို ထုတ်ဝေဖြန့်ချိထားသည်။ မြန်မာပို့စ်ဂျာနယ်တွင် ၂၀၁၀လွန်နှစ်များအတွင်း နိုင်ငံရေးပြောင်းလဲမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာများကို မျှော်မှန်းလျက် ပြန်လည်နိုးထလာမည်ဟု အကဲဖြတ်နေကြသည့် အိမ်ရာမြေဈေးကွက်အပေါ် လေ့လာသုံးသပ်ထားသော ၂၀၁၀ ခုနှစ်ကို အခြေခံလျက် အိမ်ရာအဆောက်အအုံဈေးကွက် ပြန်လည်နိုးထ ဖွံ့ဖြိုးလာနိုင်သလား မျက်နှာဖုံးသတင်းဆောင်းပါး၊ စက်သုံးဆီဖြန့်ဖြူးရေးလုပ်ငန်း ပုဂ္ဂလိကလုပ်ငန်းရှင်များ အဆိုပြုလွှာတင်သွင်းနေကြပြီ၊ ငွေအရင်းအနှီးကြီးမားသည့် ဘဏ်လုပ်ငန်းကိုပါ တိုးချဲ့လုပ်ကိုင်သွားမည်ဟု လွယ်ဟိန်းကုမ္ပဏီဥက္ကဋ္ဌပြောကြား၊ ကြက်ဘဲအဝင် ပုံမှန်အတိုင်းဖြစ်ပြီး ကြက်ဘဲဈေးကွက် အထူးထိခိုက်မှုမရှိ စသော လေ့လာမှတ်သားသင့်သည့် သတင်းဆောင်းပါးများ၊ ပုဂ္ဂလိက အထည်ချုပ်လုပ်ငန်းများ အော်ဒါမှာယူမှုကျဆင်း၊ မလေးရှားတွင် တရားမဝင်လုပ်သားများ အရေးယူမည်ဟုနှိုးဆော်၊ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး မြို့တော်စည်ပင်ကျန်းမာရေးဌာနကဆောင်ရွက်၊ နိုင်ငံတော်ကရောင်းချမည့် မြေ၊ အဆောက်အအုံနှင့် လုပ်ငန်းများကို ဝယ်ယူမည့် တိုင်းရင်းသားလုပ်ငန်းရှင်များအား ဘဏ်များမှ ချေးငွေထုတ်ချေးမည် စသည့် သိမှတ်ဖွယ်ရာသတင်းများ စုံလင်စွာ ဖော်ပြထားသည်။

ထို့ပြင် မောင်ဝံသ၊ မောင်စူးစမ်း၊ ဒေါက်တာနေဇင်လတ်၊ ဒေါက်တာစိန်စိန်သိန်းတို့၏ ဖတ်ရှုလေ့လာသင့်သည့် ဆောင်းပါးများနှင့်အတူ မြန်မာပို့စ်ဂျာနယ်တွင် အပတ်စဉ်ဖော်ပြနေကျ ပြည်တွင်း၊ ပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ အနုပညာသတင်းများ၊ နိုင်ငံတကာအားကစား၊ ကမ္ဘာတစ်လွှား ထူးခြားဖြစ်စဉ်များ မှခင်းစုံ စသည့် ကဏ္ဍများ ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မရမ်းကုန်းမြို့နယ် အမှတ်(၁၄) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက်က ကျင်းပရာ တတိယတန်း(က)မှ ဘက်စုံပညာထူးချွန်ဆုနှင့် ပထမဆုရရှိသည့် မခင်ဇွန်ဇာလင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အေး ဆုချီးမြှင့်စဉ်။ (ပညာရေး)

မန္တလေးမြို့ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၄

မန္တလေးမြို့ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးသို့ ဂျပန်နိုင်ငံသူ နိုင်ငံသားများက လှူမှုရေးရန်ပုံငွေ Japan's Grass Root Grant Assistance အဖြစ် အမေရိကန်ဒေါ်လာ ၈၂၅၀တန်ဖိုးရှိ ဆေးရုံသုံး၊ ခွဲစိတ်ခန်းသုံးပစ္စည်းများဖြစ်သည့် မေ့ဆေးပေးစက်၊ ခွဲစိတ်ကုသမှုခုတင်၊ ECG၊ Ultra Sound၊ အစာအိမ်နှင့် အူလမ်းကြောင်းကြည့်မှန်ပြောင်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ခုတင်များ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၁ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါဆေးရုံ၌ ကျင်းပသည်။ လှူဒါန်းပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ The Friendly Asians Home ဌာနေကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ခင်ထားတို့က လှူဒါန်းပစ္စည်းများနှင့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်လှူဒါန်းရာ ဆေးရုံကြီး ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးချစ်ထွန်း၊ အတွင်းရေးမှူး သဒ္ဓမ္မဇောတိကဓဇဦးသန့်ဇင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်ထွန်းနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်သွယ်လှူဒါန်း

ဆေးရုံကြီးသို့ ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း ၀၂-၃၆၄၃၆၊ ၀၉-၂၀-၀၂၅၆၉ တို့သို့လည်းကောင်း၊ လစဉ်ငွေကျပ်တစ်ထောင်နှုန်း လှူဒါန်းလိုပါက မန္တလေးမြို့ ဒေါက်တာဝင်းသန့် ဖုန်း-၀၉-၆၈-၀၁၃၅၀၊ ရန်ကုန် ဒေါက်တာဒေါ်ခင်ခင်ထား ဖုန်း-၀၉-၅၀-၁၄၉၃၃၊ ဦးတင်ထွန်း ဖုန်း-၀၁-၂၂၈၂၄၂၊ ဒေါ်မြမြ၊ ဒေါ်လှိုင် ဖုန်း-၀၁-၅၄၀၄၉၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

AFC Challenge Cup ပြိုင်ပွဲဝင်ရန် မြန်မာဘောလုံးအသင်း ကိုလံဘိုသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ဖေဖော်ဝါရီ ၁၆ရက်မှ ၂၇ရက် အထိ ကျင်းပမည့် AFC Challenge Cup ဘောလုံးပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ယနေ့နံနက် ၁၀နာရီက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဝဲအောက်ပုံ)**

လိုက်ပါသွား

ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးသိန်းအောင်(အကြံပေးပုဂ္ဂိုလ် ဘောလုံးအဖွဲ့ချုပ်)၊ ဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် ဦးတင်အောင် (အတွင်းရေးမှူး၊ ဘောလုံးအဖွဲ့ချုပ်)၊ အုပ်ချုပ်သူအဖြစ် ဦးမောင်မောင် (ဒုတိယတာဝန်ခံ၊ နည်းစနစ်ဌာန၊ ဘောလုံးအဖွဲ့ချုပ်)၊ နည်းစနစ်အကြံပေးအဖြစ် ဦးတင်ဟန်(မကွေး F.C)၊ နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်(ဒယ်လ်တာယူနိုက်တက်)၊ လက်ထောက်နည်းပြများအဖြစ် ဦးမျိုးလှိုင်ဝင်း(ရန်ကုန်ယူနိုက်တက်)နှင့် ဦးစိုးမိုး(ဇေယျာရွှေမြေ)၊ ဂိုး-နည်းပြအဖြစ် ဦးအောင်ကျော်ကျော် (ဒယ်လ်တာယူနိုက်တက်)၊မီဒီယာတာဝန်ခံအဖြစ် ဦးစိုးမိုးကျော် (ဘောလုံးအဖွဲ့ချုပ်)၊ ဆရာဝန်အဖြစ် ဒေါက်တာကျော်စိုးနိုင်၊ အကြောပြင် ကျွမ်းကျင်သူအဖြစ် ဦးစစ်လွင်ကို၊ အားကစားသမားများအဖြစ် **ဂိုးသမား**-သီဟစည်သူ (ဒယ်လ်တာယူနိုက်တက်)၊ အောင်အောင်ဦး(ရန်ကုန်ယူနိုက်တက်)၊ **နောက်တန်း**-ဇော်လင်းထွန်း-၂ (ဇေယျာရွှေမြေ)၊ ရန်အောင်ဝင်း(ရန်ကုန်ယူနိုက်တက်)၊ ဟန်ဝင်းအောင်(ကမ္ဘောဇ)၊ ခင်မောင်ထွန်း(ရတနာပုံ)၊ ဌေးအောင်(ရန်ကုန်ယူနိုက်တက်)၊ ရွှေလှိုင်ဝင်း (ရန်ကုန်ယူနိုက်တက်)၊ ဝင်းမင်းထွဋ်(ကမ္ဘောဇ)၊ မိုးဝင်း(ကမ္ဘောဇ)၊ အလယ်တန်း-မျိုးမင်းထွန်း (ရန်ကုန်ယူနိုက်တက်)၊ ခင်မောင်လွင်(ကမ္ဘောဇ)၊ အေးဆန်း (ကမ္ဘောဇ)၊ ထွန်းထွန်းဝင်း(ရတနာပုံ)၊ ပိုင်စိုး(ရတနာပုံ)၊ ပြည့်ဖြိုးဦး(မကွေး)၊ အောင်ကျော်မိုး(ရတနာပုံ)၊ ဇော်ထက်အောင် (မကွေး)၊ ရန်အောင်ကျော် (ရန်ကုန်ယူနိုက်တက်)၊ **ရှေ့တန်း**-ရန်ပိုင်(ရတနာပုံ)၊ စိုးမင်းဦး(ကမ္ဘောဇ)၊ ကျော်သီဟ (ကမ္ဘောဇ) နှင့် ကျော်ကိုကို(ဇေယျာရွှေမြေ)တို့ လိုက်ပါသွားကြသည်။

အုပ်စု (က)

AFC Challenge Cup ပြိုင်ပွဲကို အုပ်စုနှစ်စုခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စု(က)၌ တာဂျစ်ကစ္စတန်၊ မြန်မာ၊ အိမ်ရှင်သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ အုပ်စု (ခ)တွင် အိန္ဒိယ၊ မြောက်ကိုရီးယား၊ တာခ်မင်နစ္စတန်နှင့် တာဂျစ်စတန်အသင်းတို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် ဖေဖော်ဝါရီ၁၆ရက်၌ သီရိလင်္ကာအသင်း၊ ၁၈ရက်၌ ဘင်္ဂလားဒေ့ရှ်အသင်း၊၂၀ရက်၌ တာဂျစ်ကစ္စတန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(မြန်မာ့အလင်း)

စက်ရေတွင်းဖွင့်ပွဲ

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပေးခဲ့သော ဆင်တဲကုန်းကျေးရွာ စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ရက်က အဆိုပါကျေးရွာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ရီနှင့် အမှုဆောင်အရာရှိ ဦးအောင်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ဒါသင့်နိုင်ငံ မီးဘေးရန် အမှန်ကင်းပါစေ

မြန်မာ့အလင်း ဖောင်ပိတ်အက်ဖ်အေ အားကစားသတင်း

အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်များ ဘော်လ်တန်နှင့် စပါး၊ မန်စီးတီးနှင့် စတုတ် ခရစ္စတယ်ပဲလေ့စ်နှင့် ဗီလာပြန်ကန်ပွဲ ကစားရမည်

မြင့်မောင်စိုး ➤ စုစည်းရေးသားသည်

လန်ဒန် ဖေဖော်ဝါရီ ၁၄

အက်ဖ်အေဖလား ပဉ္စမအဆင့်ဘောလုံးပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၄ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဘော်လ်တန်က အိမ်ကွင်း၌ စပါးကို သရေကစားခဲ့သည်။



ဘော်လ်တန်အသင်းအတွက် အဖွင့်ဂိုးကို ဒါးဗီးစ်က ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဘော်လ်တန်အသင်းသည် ပွဲစသည်နှင့် စပါးနောက်တန်းကို အကြိတ်အနယ် ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၃၄မိနစ်တွင် ဒါးဗီးစ်က ဘော်လ်တန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် စပါးတို့ ချေပဂိုးသွင်းနိုင်ရေး တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၆၁မိနစ်တွင် တိုက်စစ်မှူးဒီဖိုးက စပါးအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဘော်လ်တန်နှင့် စပါးတို့သည် အနိုင်ဂိုးသွင်းယူနိုင်ရေး ပွဲပြီးသည်အထိ ရေကုန်ရေခန်းကစားခဲ့ကြသော်လည်း အနိုင်ဂိုး မသွင်းနိုင်ဘဲ ပွဲသိမ်းခဲ့ကြသဖြင့် ပြန်ကန်ပွဲ နွှဲရဦးမည်ဖြစ်သည်။

ယမန်နေ့က ပရီမီယာလိဂ်ကလပ်များဖြစ်သည့် မန်စီးတီးနှင့် စတုတ်စီးတီးတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာတွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားခဲ့သည်။

အိမ်ရှင်မန်စီးတီးအတွက် အဖွင့်ဂိုးကို ပွဲစပြီး ၁၁မိနစ်အကြာ ရိုက်ဖီးလစ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဒုတိယပိုင်း၌ စတုတ်စီးတီးက ပြန်လည် တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၅၇မိနစ်တွင် ရီကာဒိုဖူလ်လာက ရေးဂစ်ဗင်း၏ ဖြတ်တင်ဘောမှတစ်ဆင့် ခေါင်းတိုက်ချေပဂိုးသွင်းယူပေးခဲ့သဖြင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး ပြန်ကန်ပွဲကစားရဦးမည်ဖြစ်သည်။ ဖူလ်ဟမ်နှင့် နော့ကောင်တီတို့ပွဲတွင် ဖူလ်ဟမ်က လေးဂိုးပြတ်ဖြင့်နိုင်ပြီး အက်ဖ်အေဖလား ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ ခရစ္စတယ်ပဲလေ့စ်နှင့် ဗီလာတို့ကစားရာတွင် တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။ **(အင်တာနက်)**

ဖူလ်လာ၏ ခေါင်းတိုက်ချေပဂိုး သွင်းယူအပြီး စတုတ်ကစားသမားများ ဤသို့ အောင်ပွဲခံခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

စပိန်လာလီဂါ ပွဲစဉ် (၂၂) အနိုင် အရှုံး

စပို့တင်း	၁ - ၁	ဗလင်စီယာ
ဇီရက်ဇ်	၀ - ၃	ရီရဲမက်ဒရစ်
ဗီလာရီးရဲ	၂ - ၁	ဘီလ်ဘာအို

စီးရီးအေ ပွဲစဉ် (၂၄) အနိုင် အရှုံး

ကာဂလီယာရီ	၃ - ၁	ဘာရီ
ကာတန်နီယာ	၀ - ၀	အတ္တလန်တာ
ချီယေဗို	၀ - ၁	ဆီနာ
ဂျူဗင်းတပ်စ်	၃ - ၂	ဂျီနိုအာ
လီဗော်နို	၀ - ၁	ဘိုလော့နာ
ပါးမား	၀ - ၂	လာဇီယို
အေစီမီလန်	၃ - ၂	အူဒီးနိစ်
ရိုးမား	၄ - ၁	ပါလာမို
ဆမ်ဒိုရီယာ	၂ - ၀	ဖီအိုရင်တီးနား

ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၂) အနိုင် အရှုံး

ဘေယန်လေဗာကူဆင်	၂ - ၁	ဝုလ်ဘတ်
ဟန်နိုဗာ	၁ - ၅	ဝါဒါဘရီမင်
ဟာသာဘာလင်	၁ - ၁	မိန့်ဇ်
စတုဂတ်	၁ - ၃	ဟမ်းဘတ်
ဘိုချန်	၂ - ၁	ဟော့ဖန်ဟိန်
ဘိုင်ယန်မြူးနစ်	၃ - ၁	ဒေ့မွန်

(အင်တာနက်)

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး မွန်ပြည်နယ်၌ ဆေးရုံများစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုးသည် ဖေဖော်ဝါရီ ၈ရက်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြည်သူ့ဆေးရုံ၊ ရင်းငြိမ်တိုက်နယ်ဆေးရုံနှင့် ပေါင်မြို့နယ် ပြည်သူ့ဆေးရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ လူနာများအား အားပေးခဲ့သည်။

ပြုစုကုသပေး

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၉ရက် နံနက်တွင် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများအားတွေ့ဆုံပြီး ပြောင်းလဲတိုးတက်နေသော ဆေးပညာရပ်ဆိုင်ရာများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားကြရန်၊ လူနာများအား နွေးထွေးပျူငှာစွာ ကြိုဆိုကြပြီး စာနာထောက်ထားလျက် စိတ်ရင်းစေတနာကောင်းများဖြင့် ပြုစုကုသပေးကြရန် မှာကြားသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဒုတိယဝန်ကြီးသည် ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကုသရေးလုပ်ငန်းအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး သင်တန်းအမှတ်စဉ် (၆/၂၀၁၀) ဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ရက်က နေပြည်တော် တပ်ကုန်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က အမှာစကားပြောကြားစဉ်။ (ဝဇ၁)

တွံတေးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

တွံတေးမြို့နယ်အသင်း(ရန်ကုန်)၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ အသက် (၇၅)နှစ်နှင့်အထက် ဘိုးဘွားများအား သက်ကြီးပူဇော်ပွဲ၊ ၂၀၀၈ခုနှစ်နှင့် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် နိုင်ငံတော်အဆင့် ဂီတ၊ သဘင်၊ အနုပညာ၊ စာပေနှင့် အားကစားထူးချွန်ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင် စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သား ပေါင်းစုံမွှာရုံ၌ ကျင်းပသည်။ **(အောက်ယာပုံ)**

ရွေးချယ်တင်မြှောက်

နှစ်ပတ်လည် အစည်းအဝေးတွင် နာယကအဖွဲ့ ကိုးဦးနှင့် အသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်း၊ ဒုတိယ ဥက္ကဋ္ဌများအဖြစ် ဦးကျော်မြင့်၊ ဦးချစ်ဆွေနှင့် ဗိုလ်မှူး တင်ဝင်း(ငြိမ်း)၊ အတွင်းရေးမှူး ဦးချစ်လှိုင်တို့ အပါအဝင် အမှုဆောင်သစ်အဖွဲ့ဝင် ၂၅ဦးကို ရွေးချယ်တင်မြှောက်ကြသည်။

စုပေါင်းကန်တော့

ယင်းနောက် တက်ရောက်လာကြသည့် အသင်းဝင်များက အသက် (၇၅)နှစ်နှင့်အထက် ဘိုးဘွားအသင်းဝင်များ၊ အသင်းဝင်များ၏ မိဘ၊ ဘိုးဘွားများ စုစုပေါင်း ၉၇ ဦးတို့အား ဂါရဝပစ္စည်းများဖြင့် စုပေါင်းကန်တော့ကြသည်။

ဆက်လက်၍ အသင်းနာယကများ၊ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၀၈ ခုနှစ်နှင့် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ မစုမြတ်ချယ်ဦးနှင့် မအေးဘုန်းကိုတို့ အပါအဝင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူ ၁၁ဦးအား ထူးချွန်ဆုများ ချီးမြှင့်ကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပတ္တလား အဆင့်မြင့်(အမျိုးသား) တတိယဆုနှင့် ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် ဒုတိယဆုရရှိကြသူတို့အား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းက ကျေးဇူးတင် ဝမ်းမြောက်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့် ညအပူချိန်

၁၄-၂-၂၀၁၀

လွိုင်လင်မြို့	၂ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၄ ဒီဂရီစင်တီဂရိတ်

ကယားပြည်နယ် လွိုင်ကော်ခရိုင် ရှားတောမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း ဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့ဝင်များ ဇန်နဝါရီ ၃၀ရက်က ရှားတောမြို့မှ သုံးမိုင်အကွာ တောင်ရွာရေထွက်ပေါက်မှ ရေသွယ်ယူပြီး ရှားတောမြို့ကို ရေပေးဝေလျက်ရှိသည့် ပွိုင့်ကုန်းပေါ်ရှိ ရေဂါလန် ၄၅၀၀၀ဆံ့ ရေစုကန်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။
(မြို့နယ် ပြန်/ဆက်)

မြို့ပြ၊ ကျေးလက်လမ်းတံတား ရေပေးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

ညောင်လေးပင် ဖေဖော်ဝါရီ ၁၄

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင်နှင့်အဖွဲ့ ဇန်နဝါရီ ၂၀ရက်က ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော မြို့ပြနှင့် ကျေးလက်ကတ္တရာခင်းခြင်းလုပ်ငန်းများ၊ ဂဝံခင်းခြင်းနှင့် ကျောက်ချောခင်းခြင်းလုပ်ငန်းများ၊ မြို့ရေပေးရေး ရေပိုက်လိုင်း လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ကျေးလက်စက်ရေတွင်း၊ ရေစက်ရုံ၊ အုတ်ရေကန် တည်ဆောက်ခြင်းနှင့် တွင်းတိမ်လက်နှိပ်တုံကင် တူးဖော်ခြင်း လုပ်ငန်းများ ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

လျှပ်စစ်ဓာတ်အားသုံးစွဲမှုသတိပြု

လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ခြင်း၊ လျှပ်စစ်ဓာတ်အားမြင့်တက်ခြင်း၊ ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများအသုံးပြုခြင်း၊ မီးအားထိန်းကိရိယာ ချွတ်ယွင်း၍ အလိုအလျောက် ပြုတ်မကျခြင်းတို့ကြောင့် မီးလောင်မှုများ စတင်ဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပွားနိုင်သဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုရာတွင် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများ မသုံးစွဲကြရန်၊ စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် လျှပ်စစ်ပစ္စည်းများကိုသာ သုံးစွဲကြရန်၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာတပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သော ပစ္စည်းများမထားရှိစေရေး သတိပေးနှိုးဆော်အပ်ပါသည်။

လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာ အလင်းရောင်စာကြည့်တိုက် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၉ရက်က အဆိုပါ စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်အေမီဇော်၊ ကျေးရွာဥက္ကဋ္ဌ ဦးမျိုးဝင်းနှင့် ရပ်မိရပ်ဖ ဗိုလ်ကြီးမောင်သန်း(ငြိမ်း)တို့က ပန္နက်တင်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မကွေးတိုင်း (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပ

မကွေး ဖေဖော်ဝါရီ ၁၄

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၇နာရီက မကွေးတိုင်း အားကစားပြိုင်ကွင်းအတွင်း၌ ကျင်းပရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့အလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ အခြားလူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ဖတ်ကြား

အခမ်းအနားတွင် တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဖတ်ကြားသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ဘတ်စကက်ဘောပြိုင်ပွဲ ကျိုက္ကဆံကွင်း၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ ဦးစီးကျင်းပသော ၂၀၁၀ခုနှစ် နှစ်သစ်ကူးအထိမ်းအမှတ် ဘတ်စကက်ဘောပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ရက်က ကျိုက္ကဆံကွင်း ဘတ်စကက်ဘောအားကစားရုံ၌ ကျင်းပသည်။

ဘတ်စကက်ဘောပြိုင်ပွဲသို့ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်း၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်နာယက ဒေါ်နီ(ရွှေသံလွင်ကုမ္ပဏီ)နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ မိသားစုဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် ဘတ်စကက်ဘော အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အနိုင်ရရှိ

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးအသင်းနှင့် အသက်(၄၀)အထက် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်အသင်းတို့ ချစ်ကြည်ရေးယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံဘတ်စကက်ဘောအသင်းက ၄၈မှတ် ၄၃မှတ်ဖြင့် အနိုင်ရရှိသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲ၌ အသက်(၄၀)အထက် အလွတ်တန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်(A)အသင်း၊ (B)အသင်း၊ Red Star အသင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးအသင်း၊ အလွတ်တန်း(3 on 3)ပြိုင်ပွဲနှင့် အသက်(၁၆)နှစ်အောက်နှင့် အသက်(၁၈)နှစ်အောက်ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ကြသည်။ **(ဘတ်စကက်ဘောအဖွဲ့ချုပ်)**

မြဝတီကတ္တရာလမ်းသစ်ဖွင့်

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သော မြဝတီမြို့ အမှတ်(၄)ရပ်ကွက် မိဌာန်အောင်ဘုရားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ရက်က အဆိုပါမုခ်ဦး၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်ဌေး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၀၁)

ခွာနာ၊ လျှာနာ ရောဂါကာကွယ်ထိန်းချုပ်ရေး မော်ဘီ၌ ဟောပြောဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ ပင်လယ်ရပ်ခြား နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) တို့ ပူးပေါင်းဆောင်ရွက်သည့် ခွာနာ၊ လျှာနာ ရောဂါထိန်းချုပ်ရေးဆိုင်ရာ လူထုပညာပေးဟောပြောခြင်း၊ ရောဂါစူးစမ်းလေ့လာခြင်း၊ သွေးနမူနာထုတ်ယူခြင်းနှင့် ခွာနာ၊ လျှာနာ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၈ရက်က ဖူးကြီးစံပြကျေးရွာ၊ သဲကုန်းကျေးရွာနှင့် မြောင်းတကာန္တားပွဲဈေးတို့၌ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး (ခွာနာ၊ လျှာနာဌာနစိတ်) ဒေါက်တာခင်မောင်လတ်**(အပေါ်ပုံ)**၊ Ms.Koo Jeoun-KOV (KOICA Volunteer) နှင့် မော်ဘီမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဒေါ်ခင်နွဲ့ရီတို့က ဟောပြောဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု မြင့်မိုရ်ဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်၌ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြင့်မိုရ်ဦးကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၁၀ နာရီက အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ မြို့နယ်အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်မင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ မြို့နယ်အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်မင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်နှင်းကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** ထို့နောက် ဆရာမကြီး ဒေါ်ခင်မြဦး၊ ရပ်မိရပ်ဖ ဦးစံမြနှင့် ဗိုလ်ကြီးကျော်စိုး(ငြိမ်း)တို့က စာအုပ်စာစောင်များကို လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ပုံကျကျူးကျော် သား၊ ငါး၊ ကုန်ခြောက်သည်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဈေးအပြင်ဘက် အောင်ဇေယျလမ်းနှင့် နှံ့ပွားလမ်းပေါ်တွင် လိုင်စင်မဲ့ သား၊ ငါး၊ ကုန်ခြောက်များရောင်းချနေရာ စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်များကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းရသည့်အပြင် အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါ၍ ပုံကျကျူးကျော် သား၊ ငါး၊ ကုန်စိမ်း၊ ကုန်ခြောက်သည်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

သုဝဏ္ဏဈေးသား

ဆူညံအော်ဟစ်သံများ ကျန်းမာရေးထိခိုက်နေရ

စာတည်းရှင့်-

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၁၀ (ခ)ရပ်ကွက် လမ်းသွယ်(၂)ရှိ မုန့်ဖိုမှ **တစ်ညလုံးစက်သံများဆူညံခြင်း၊ အလုပ်သမားများ အော်ဟစ်စကားပြောဆိုခြင်းကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ ညစဉ်အိပ်ရေးပျက်ပြီး ကျန်းမာရေးထိခိုက်ရပါသဖြင့် စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။**

ကျန်းမာရေးထိခိုက်သူ

ကျူးကျော် မွေးမြူရေးခြံများ ဖယ်ရှားပေးပါ

စာတည်းရှင့်-

ရန်ကုန်မြို့ အလုံမြို့နယ် စောရန်ပိုင်မြောက်ရပ်ကွက်အပိုင် မီးရထားလမ်းတစ်လျှောက်နှင့် ဆင်မင်းရပ်ကွက်အပိုင် မီးရထားလမ်းတစ်လျှောက် လမ်းဘေးတွင် ကျူးကျော်တဲများထိုးကာ ဝက်နှင့် နွားများ မွေးမြူလျက်ရှိရာ ၄င်းဝက်တဲများမှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်လျက်ရှိပါ၍ ယင်းဝက်တဲများအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ပုံကျဈေးသည်များအား ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း သာကေတမြို့နယ် (၁) အနော်မာရပ်ကွက် ရွှေမေတ္တာ(အတွင်း+အပြင်) ကွန်ကရစ်လမ်းသစ်ဘေးတွင် ပုံကျဈေးသည်များအား နေ့စဉ်ညနေ ၃နာရီနောက်ပိုင်း သက်ဆိုင်ရာက ရောင်းချခွင့်ပေးထားသော်လည်း ယခုအခါ နံနက်ပိုင်း၌ပါ ပုံကျဈေးသည်များ ကွန်ကရစ်လမ်းပေါ်တက်၍ လမ်းအပြည့်ပိတ်ဆို့ကာ စည်းကမ်းမဲ့ ဈေးရောင်းချလျက်ရှိရာ လမ်းသွားလမ်းလာများ၊ အနေးယာဉ်များနှင့် ကားများ ဝင်ထွက်မရအောင် အခက်အခဲများ ကြုံတွေ့နေရပါ၍ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသည်တစ်ဦး

ကမာရွတ်ဘူတာရုံလမ်းမဘေး ရေမြောင်းပြုလုပ်ပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ လှိုင်မြို့နယ် ကမာရွတ် ဘူတာရုံလမ်းမကြီးဘေး တစ်ဖက်တစ်ချက်တွင် မိုးရာသီ၌ မိုးရေများ ရေထွက်ပေါက်မရှိ၍ ကမာရွတ်ဘူတာရုံလမ်းမကြီးပေါ်စီးဆင်းပြီး လမ်းများပျက်စီးသည့်အပြင် လမ်းပေါ်ရေများအိုင်နေခြင်းကြောင့် ခရီးသွားများ သွားလာရေး ခက်ခဲပြီး ယာဉ်အန္တရာယ်စိုးရိမ်ရပါသဖြင့် မိုးရာသီမကျရောက်မီ ကမာရွတ်ဘူတာရုံလမ်းမကြီးဘေး တစ်ဖက်တစ်ချက်တွင် ရေမြောင်းပြုလုပ်ပေးပါရန် တင်ပြအပ်ပါသည်။

ဘူတာရုံလမ်းသား

ချောင်းပိတ်ဆို့ထားမှု ဖွင့်ပေးစေချင်

စာတည်းခင်ဗျား-

ဧရာဝတီတိုင်း ဟိုင်းကြီးကျွန်းမြို့အပိုင်ရှိ မဲခရဲအုပ်စုနှင့် မရမ်းကွင်းအုပ်စု နှစ်စုကြားတွင်တည်ရှိသော ၃၅ပေ အကျယ်ခန့်ရှိ ထိန်တန်းချောင်း၏ အတွင်းဘက်ချောင်းရိုးတစ်နေရာတွင် ရွှံ့မြေသားဖြင့် တာတမံပိတ်ဆို့ထားရာ ထိန်တန်းချောင်းဖျားမှ စက်လှေနှင့် လှေသမ္ဗန်များ ဝင်ထွက်မှုမပြုနိုင်တော့ဘဲ သွားလာရေးခက်ခဲလျက်ရှိရာ ချောင်းပိတ်ထားမှု ပြန်လည်ဖွင့်ပေးပါရန် တင်ပြအပ်ပါသည်။ ဟိုင်းကြီးကျွန်းသား

သံဒယ်အိုးထုရိုက်သံ နားမခံနိုင်

စာတည်းခင်ဗျား-

လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက် တေးဥယျာဉ် ၃လမ်းနှင့် စိန်ပန်းမြိုင် ၆လမ်းထောင့်ရှိ သံဒယ်အိုးလုပ်ငန်းသည် နားမခံနိုင်အောင် သံဒယ်အိုးများ ထုရိုက်နေပါသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ နားမခံနိုင်ဘဲ ကျန်းမာရေးထိခိုက်လျက်ရှိရာ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

အနံ့ဆိုးကြောင့်ကျန်းမာရေးထိခိုက်မှုဆောင်ရွက်ပြီး

၁-၂-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပဲခူးတိုင်း ကျောက်တံခါးမြို့ စာတိုက်ရပ်ကွက် ခေတ္တရာ ၃လမ်းနှင့် ၄လမ်းကြားရှိ ရေမြောင်းအတွင်း မုန့်ဟင်းခါးစက်နှင့်ဆန်စက်ဘွိုင်လာအိုးများမှ စွန့်ပစ်ရေအနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ပုသိမ်မြို့ညဈေးတန်း၌ ကြပ်မတ်ဆောင်ရွက်ပြီး

၁၁-၁-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပုသိမ်မြို့ ညဈေးတန်းတွင် ယာဉ်သွားယာဉ်လာ ကင်းဝေးမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်ပေးပါ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ချန်ပီယံလိဂ်အကြို ၁၆သင်းအဆင့် (ပထမအကျော့)

အိမ်ရှင်အသင်းတွေ အခြေအနေကောင်းဖွယ်ရှိ

➢ ထွန်းထွန်းဦး (လှိုင်) သုံးသပ်ရေးသားသည် ➢ စာမျက်နှာဖွဲ့စည်းမှု-ဝင့်မာသွင်(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ပြိုင်ပွဲရဲ့ ပထမအကျော့ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၁၆ ရက်နဲ့ ၁၇ရက်တို့မှာတစ်ခါ၊ ၂၃ရက်နဲ့ ၂၄ရက် တို့မှာတစ်ခါ အသီးသီးနေ့ရက်တွေခွဲပြီး ကစားမှာပါ။ ၁၆ ရက်နဲ့ ၁၇ရက်တို့မှာ လီယွန်-ရီးရဲ၊ အေစီ-မန်ယူ၊ ဘိုင်ယန်မြူးနစ်-ဖီအိုရင်တီးနား၊ ပေါ်တို-အာဆင်နယ်တို့ ကစားကြဖို့ရှိပြီး ၂၃ရက်နဲ့ ၂၄ ရက်တို့မှာတော့ စတုဂတ်-ဘာစီလိုနာ၊ အိုလံပီယာကော့စ်-ဘော်ဒိုး၊ စီအက်စ်ကေအေ မော်စကို-ဆီဗီလာ၊ အင်တာမီလန်-ချယ်လ်ဆီးတို့ ကစားကြဖို့ရှိပါတယ်။ ပထမအကျော့ ဖြစ်နေတာကြောင့် အသင်းတိုင်းအားသာချက်ကိုယ်စီနဲ့ အဆင်ပြေအောင်ကစားနိုင်ဖို့တော့ လိုအပ်ပါတယ်။ ကစားနိုင်စွမ်း မရှိခဲ့ရင်တော့ ဒုတိယ အကျော့ပွဲစဉ်မှာ မီးကုန်ယမ်းကုန်နဲ့ အခြေအနေမလှတဲ့အသင်းတွေ ဖောင်ဖျက်ကစားကြရမှာဖြစ်ပါတယ်။

လီယွန် - ရီးရဲမက်ဒရစ်

လီယွန်နဲ့ နှစ်ကြိမ်ဆုံထားခဲ့ဖူးတဲ့ ရီးရဲဟာ အဝေးကွင်းမှာ အိမ်ရှင်ကို တစ်ခါမှ အသာမရခဲ့ဘူး။ အခုပွဲမှာလည်း အသာရအောင် ကစားဖို့ဆိုတာ ခက်နေနိုင်ပါသေးတယ်။ ရီးရဲရဲ့တိုက်စစ်စွမ်းအားစုဟာ ကြောက်ခမန်းလိလိ အင်အားတောင့်တင်းပေမယ့် ပြင်သစ် မြေပေါ်မှာတော့ အစွမ်းပြနိုင်စွမ်းနည်းပါတယ်။ လီယွန်ရဲ့ အိမ်ကွင်းတိုက်စစ်က ဘန်ဇီမာ မရှိပေမယ့် အသစ်ခေါ်ထားတဲ့ ကစားသမားတွေက ခြေစွမ်းပြနေတာကြောင့် လျှော့တွက် လို့မရပါဘူး။ ရီးရဲရဲ့ ခံစစ်အားနည်းနေမှုနဲ့တော့ ခက်ခဲနေနိုင်ပါတယ်။ လီယွန်ရဲ့ တိုက်စစ်မှူးတွေဟာ တွန်းတွန်းတိုက်တိုက်နဲ့ ကစားနိုင်စွမ်းရှိတယ်။ အိမ်ကွင်းမှာ အသာရ အောင်လုပ်တတ်ကြတယ်။ ပွဲပန်းနေတာ မရှိသလို၊ တခြားချစ်ကြည်ရေးပွဲတွေ အပိုကစား ထားရတာလည်း မရှိသလောက်ဘဲ။ ဒါကြောင့် လီယွန်ရဲ့ကစားသမားတွေဟာ ရီးရဲလောက် တခြားအပိုကိစ္စတွေ လုပ်စရာမရှိလို့ ရီးရဲကို ရင်ဆိုင်ဖို့ အေးအေးဆေးဆေးပါပဲ။ ရီးရဲအနေနဲ့ ပွဲတွေကစားထားတဲ့ ပင်ပန်းမှုဒဏ်ကြောင့် အဝေးကွင်းမှာ ကစားအားကို လိုသလိုထုတ် ကစားပြဖို့ဟာ ခက်နေနိုင်ပါတယ်။ ဘန်ဇီမာကို ရီးရဲက ပိုင်ဆိုင်ထားပေမယ့်လည်း ဘန်ဇီမာရဲ့ခြေစွမ်းဟာ ရီးရဲမှာ အသားကျအံဝင်မှုနည်းနေတဲ့အပြင် ပွဲထွက်ခွင့်လည်းနည်းလို့ ပုံမှန်ခြေစွမ်းရဖို့ဟာ လီယွန်လိုအသင်းဟောင်းနဲ့ ကစားရတဲ့ပွဲမှာ ခက်နေနိုင်ပါတယ်။လီယွန် နောက်တန်းဟာ အိမ်ကွင်းမှာ ကစားရတဲ့အခါ ကျစ်လျစ်စွာ ကစားတတ်လို့ ကာကာနဲ့ စီရိုနယ်ဒိုတို့အုပ်စု အနှောင့်အယှက်ပေးပြတာမျိုးမလုပ်ရင် ဂိုးရဖို့တောင် မလွယ်ပါဘူး။

ရီးရဲအသင်း တိုက်စစ်အတွက် ပုံဖော် ဖန်တီးပေးမယ့် တိုက်စစ်မှူး စီရိုနယ်ဒို။

ဒါကြောင့်ပဲ သုံးသပ်မိလိုက်တဲ့အခါမှာ ရီးရဲအနေနဲ့ အဝေးကွင်းမှာ သရေလောက်ရ ဖို့တောင် ရုန်းကန်အားစိုက် ကစားရနိုင်တယ်လို့ ပြောချင်ပါတယ်။ ခြေစွမ်းနဲ့ ပရိသတ် အားကတော့ လီယွန်ဘက်မှာရှိပြီး လီယွန်ဘက်က အလေးသာပါတယ်။

အေစီမီလန် - မန်ယူ

မန်ယူရဲ့ခံစစ်ကြောင်းမှာ ကစားသမားတွေ ပြန်စုံလာပေမယ့် အရင်ခြေစွမ်းပြန်ရဖို့ စိတ်ချနိုင်ပါ့မလား။ ဘာကြောင့်လဲဆိုတော့ မန်ယူရဲ့ကစားအားဟာ ဒီနှစ်ထဲမှာ ပုံမှန်မရပါဘူး။ ဒါကြောင့် အိမ်ကွင်း၊ အဝေးကွင်းမရွေးဘဲ ရလဒ်တွေ ကမောက်ကမဖြစ်ဖြစ် နေတာမျိုး တွေ့ရလိမ့်မယ်။ မန်ယူတိုက်စစ်မှာ ရွန်နေကလွဲရင် ကျန်တဲ့ကစားသမားတွေ ဟာ ဂိုးသွင်းနှုန်းတက်မလာကြဘူး၊ ဒါကြောင့် မန်ယူဂိုးရရေးဟာ ရွန်နေပဲအားကိုး နေရတယ်။ ရွန်နေအနေနဲ့ကတော့ အီတလီမြေပေါ်မှာ ခြေစွမ်းပြကစားဖို့ ခက်နိုင်တယ်။ ဘာကြောင့်လဲဆိုရင် အီတလီခံစစ်အုတ်တံတိုင်းတွေဟာ အင်္ဂလန်ကစားသမားတွေအတွက် ဖြတ်ကျော်ရတာ ခက်ခဲနေတတ်လို့ပါပဲ။ အခုတွေ့ရမယ့် အသင်းက စီးရီးအေမှာ ခြေစွမ်း ပြန်တက်လာပြီး တိုက်စစ်သွက်တဲ့ အသင်းဖြစ်နေလို့ပါ၊ ပြီးတော့ ကမ္ဘာ့အကောင်းဆုံး ကစားသမားတွေ တစ်စုတည်းရှိနေတာကြောင့် မန်ယူအနေနဲ့ တစ်ချက်ကလေးမှ အတိမ်းအစောင်းမခံတဲ့အနေအထားဖြစ်နေပါတယ်။ မန်ယူထက် လတ်တလောမှာ မီလန် က တိုက်စစ်ရော ခံစစ်ပါကစားပုံ သေသပ်နေတယ်။ ဂိုးရအောင် ဖန်တီးရာမှာလည်း ဘက်ခမ်း၊ ပါလို၊ အင်ဇာဂီ၊ ပါတိုနဲ့ ရော်နယ်ဒင်ဟိုတို့ ရှိနေတာကြောင့် မန်ယူနောက်တန်း မှာ ဗီဒစ်မပါနိုင်ရင် ဖာဒီနန်တစ်ယောက်တည်းနဲ့ မလွယ်ဘူး။ မီလန်တိုက်စစ်က တော်တော်လေးကို စွမ်းတယ်။ အိမ်ကွင်းလည်းမာတော့ မန်ယူဟာ ပထမအကျော့မှာ ခံစစ်အသားပေးကစားရဦးမှာပါ။ အရင်လို တိုက်စစ်မှူးမထားဘဲ ခံစစ်ဘက်မှာသာ ပုံစံချကစားနိုင်ရင်တော့ မန်ယူခံစစ်ကို မီလန်အနေနဲ့ ထိုးဖောက်ရတာ ခက်နေမှာပါ။ တစ်ချက်ရှိတာက မီလန်တိုက်စစ်ဟာ စုစည်းမှုအားနည်းသလိုဖြစ်နေတဲ့ မန်ယူ နောက်တန်းကို တရစပ်ထိုးဖောက်ရင်းရလာမယ့် အခွင့်အရေးထဲက ထောင့်ကန်ဘောနဲ့ ဂိုးဧရိယာအစပ်မှာ ပြစ်ဒဏ်ဘောတွေကို ဂိုးအသွင်ပြောင်းပေးနိုင်သူတွေရှိနေလို့ မန်ယူ အနေနဲ့ ဒါကို ထိန်းချုပ်နိုင်ပါ့မလားဆိုတာ စဉ်းစားစရာပါ။



မန်ယူအသင်းတိုက်စစ်မှူး ရွန်နေ အေစီကို ဘယ်လို ဂိုးသွင်းပြမလဲ။

ဖြစ်နိုင်ခြေများတာကတော့ မန်ယူထက် မီလန်ဟာ ပထမအကျော့မှာ အနိုင်ရထားမှ အဆင်ပြေမှာဖြစ်လို့ ရော်နယ်ဒင်ဟိုနဲ့ ဘက်ခမ်းတို့လို အတွေ့အကြုံရင့်သူတွေကို အသုံးချပြီး လီယိုနာဒိုက ဖာဂူဆန်ကို အနိုင်ယူပြနိုင်လေမလားပဲ။

ဘိုင်ယန်မြူးနစ် - ဖီအိုရင်တီးနား

ဒီနှစ်သင်း တစ်ခါဆုံခဲ့ဖူးတယ်၊ မနှစ်က ချန်ပီယံလိဂ် အုပ်စုအဆင့်မှာပါ။ ဘိုင်ယန်က အဲဒီတုန်းက အိမ်ကွင်းမှာ ဖီအိုရင် တီးနားကို ၃-၀ နဲ့ အနိုင်ရထားခဲ့တယ်။ ဒီနှစ်မှာတော့ ဘိုင်ယန်ဟာမနှစ်ကလိုပဲ အသာစီးနဲ့အနိုင်ယူကစားနိုင်မလားဆိုတာ စောင့်ကြည့် ရပါလိမ့်မယ်။ ဘိုင်ယန်ဟာ ဂျူဗီလို အီတလီအသင်းနဲ့ တွေ့ထားဖူးခဲ့တော့ အတွေ့ အကြုံပြည့်နေတယ်။ ပြီးတော့ အမာခံကစားသမားတွေ ပြန်စုံနေတယ်။ အဲဒါကြောင့် လူကာတိုနီမရှိတာတောင် ဖီအိုရင်တီးနားကို ကလိုဆေးတို့၊ ရစ်ဘာရီတို့လူစုနဲ့ အိမ်ကွင်း မှာ ဖိအားပေး ကစားပြသွားနိုင်ပါတယ်။ ဘိုင်ယန်ကလည်း နောက်ပိုင်းမှာ တိုက်စစ် ကို စနစ်တကျနဲ့ ပုံဖော်လာခဲ့တာကြောင့် ဗန်ဟားလ်ရဲ့ နည်းစနစ်နဲ့ အသားကျလာပါပြီ။ ရော်ဘင်နဲ့ ရစ်ဘာရီတို့ရဲ့ တိုက်စစ်တောင်ပံအတွဲကလည်း အလုပ်ဖြစ်နေလို့ ဖီအိုနောက် တန်းအဖို့ အဝေးကွင်းမှာ ထိန်းချုပ်ရတာ ခက်နိုင်တယ်။ မူတူးနဲ့ ဂီလာဒီနိုတို့ အတွဲရှိ ပေမယ့် ဂျာမနီနောက်တန်းက မာကျောမှုပြည့်ဝတာကြောင့် ထင်တိုင်းကြဲခွင့်ရမယ် မထင် မိဘူး။ ဖြစ်နိုင်ခြေရှိတာကတော့ ဘိုင်ယန်ကသာ အခုပွဲမှာအနိုင်ရအောင်ကစားသွား မှာပါ။

အာဆင်နယ် အသင်းအတွက် အနိုင်ဂိုးများ ရှာဖွေပေးမယ့် တိုက်စစ်မှူး အာရှာဗင်။

ဘိုင်ယန်မြူးနစ် အသင်းအတွက် ခြေစွမ်းပြ ကစားပေးနေသော တောင်ပံကစားသမားရော်ဘင်။

ပေါ်တို - အာဆင်နယ်

အာဆင်နယ်ဟာ ပေါ်တိုမြေပေါ်မှာ အမြင့်ဆုံးကစားနိုင်တာ ၂၀၀၆-၂၀၀၇ ချန်ပီယံလိဂ်အုပ်စုအဆင့်မှာ ဂိုးမရှိ သရေရခဲ့တာပဲရှိတယ်။ မနှစ်ကတော့ ချန်ပီယံလိဂ် မှာပဲ ဒီနှစ်သင်းတွေ့ခဲ့ပါသေးတယ်။ အဲဒီတုန်းကတော့ ပေါ်တိုက ၂-၀ နဲ့ နိုင်ခဲ့တယ်။ အခုပွဲမှာလည်း ပြိုင်ဘက်ဟောင်း နှစ်သင်းဆုံပါပြီ။ ဘာတွေဖြစ်မလဲဆိုတာကို စောင့်ကြည့်ရမှာပါ။ ပေါ်တိုဆိုတဲ့ အသင်းကလည်း ဒီရာသီမှာ အိမ်ကွင်းအမှားမရှိအောင် ကစားလာတဲ့အသင်းပါ။ အာဆင်နယ်ကျပြန်တော့ ပရိသတ်အကြိုက်ကစားပြီး ဂိုးတွေ ရှာနေတဲ့အသင်းဖြစ်တော့ ပွဲကအကြိတ်အနယ်ရှိမှာ သေချာပါတယ်။ ဒါပေမယ့် အာဆင်နယ်ဟာ ပေါ်တိုနဲ့ပွဲမှာ ကစားသမားကောင်းတချို့ကို အပါမခေါ်လာနိုင်ခဲ့ရင် တော့ခက်မယ်။ ဖာဘရီဂတ်စ်နဲ့ အဓိကကစားသမားတွေ မစုံလင်ရင်တော့ မနှစ်ကလိုပဲ အာဆင်နယ်အနေနဲ့ ကစားရခက်ခဲနိုင်ပြီး အရှုံးတောင် ပေါ်သွားနိုင်ပါတယ်။ ။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံးရေချိုငါးများ

➢ စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်ဝန်းရှိ မြစ်၊ ချောင်း၊ အင်း၊ အိုင်များအတွင်း နေထိုင်ကျက်စားသော ရေချိုငါးမျိုးစိတ်များစွာရှိရာ ဖမ်းဆီးရမိသည့် ငါးများအနက် ကမ္ဘာ့အကြီးဆုံး ရေချိုငါးအချို့ကို စုစည်းဖော်ပြလိုက်ရပါသည်-

ကမ္ဘာ့အကြီးဆုံး ငါးခူ

အီတလီနိုင်ငံ နက်စ်ဆာရေအိုင်ကြီး အတွင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၀ရက် က ဖမ်းဆီးရမိသော ငါးခူကြီး တစ်ကောင်၏ အလေးချိန်မှာ ပေါင် ၂၀၀ ခန့်ရှိပြီး သက်တမ်း ၂၆နှစ်ခန့်ရှိရာ ကမ္ဘာပေါ်၌ အကြီးဆုံးငါးခူကြီး အဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။**(အပေါ်ပုံ)**
(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အကြီးဆုံး ငါးစင်ရိုင်း

အိန္ဒိယနိုင်ငံ ဂင်္ဂါမြစ်အတွင်း ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၆ရက်က တံငါသည်များ ဖမ်းမိခဲ့သော ငါးစင်ရိုင်းတစ်ကောင်သည် အလေးချိန် ၁၆၁ပေါင်ရှိရာ ကမ္ဘာပေါ်တွင် အကြီးဆုံး ငါးစင်ရိုင်းအဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။ (အပေါ်ပုံ)
(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အကြီးဆုံး ငါးပူတင်း

အာဂျင်တီးနားနိုင်ငံ ဗျူနို့အေရိစ် မြို့အနီး ရီရိုပါရာနာမြစ်အတွင်း ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၃၀ရက်က ဖမ်းဆီးရမိသော ငါးပူတင်း တစ်ကောင်သည် အလေးချိန် ၁၈၉ ပေါင် ၁၀အောင်စရှိရာ ကမ္ဘာပေါ်၌ အကြီးဆုံးငါးပူတင်းအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။
(ယာပုံ) (အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

ဒါကြောင့်ပါ....

စားသောက်ဆိုင်အတွင်းသို့ ဝင်လာသူ အမျိုးသားတစ်ဦးကို မိတ်ဆွေတစ်ဦးက လှမ်းခေါ်ကာ အစားအစာများ ကျွေးမွေးလေသည်။ အမျိုးသားက စားသောက်ပြီးနောက် မျက်ရည်များကျကာ ငိုနေသဖြင့် ကျွေးမွေးသူ မိတ်ဆွေက မေးမြန်းလေသည်-

မိတ်ဆွေ ။ ။ ဘာဖြစ်လို့ ငိုနေရတာလဲဗျာ။
အမျိုးသား ။ ။ စိတ်ထဲမကောင်းလွန်းလို့ပါ။
မိတ်ဆွေ ။ ။ ဘာတွေဖြစ်ခဲ့လို့လဲ၊ ကျွန်တော်ဘာအကူအညီပေးရမလဲ။
အမျိုးသား ။ ။ မပြောပါရစေနဲ့ဗျာ-
မိတ်ဆွေ ။ ။ ပြောစမ်းပါ၊ ကျွန်တော်ဘာကူညီရမလဲ။
အမျိုးသား ။ ။ အရင်က မိတ်ဆွေဟောင်းတွေကို သတိရလွန်းလို့ပါ။
မိတ်ဆွေ ။ ။ ဘယ်သူတွေလဲဗျ။
အမျိုးသား ။ ။ လွန်ခဲ့တဲ့ နှစ်နှစ်က ဒီဆိုင်မှာ ဒီလိုနေ့မှာ မိတ်ဆွေအမျိုးသမီးတစ်ဦးက အခုလို အစားအစာတွေ ကျွေးဖူးတယ်။ အဲဒီလိုပဲ ပြီးခဲ့တဲ့နှစ်က မိတ်ဆွေတစ်ဦးက ဒီဆိုင်မှာ ဒီလိုနေ့မှာ အခုလို အစားအစာတွေ ကျွေးခဲ့ဖူးတယ်။
မိတ်ဆွေ ။ ။ အဲဒီတော့ ဘာဖြစ်လဲ၊ ကောင်းတာပေါ့ဗျ။
အမျိုးသား ။ ။ အတန်ကြာငြိမ်သက်နေပြီးနောက် ထိုင်ရာမှ ဖြည်းညင်းစွာထပြီး ပြောလိုက်သည်မှာ....
"သူတို့တွေ နှစ်ဦးစလုံး နောက်နေ့တွေမှာ တိုက်တိုက်ဆိုင်ဆိုင် သေဆုံးသွားခဲ့ကြလို့ပါ"
မိတ်ဆွေ ။ ။ "ဗျာ"

စာဆိုတော်နေ့ အထိမ်းအမှတ်

သံတွဲမြို့နယ် မြပြင်ကျေးရွာ မူလွန်ကျောင်း၌ဟောပြော

သံတွဲ ဖေဖော်ဝါရီ ၁၀

သံတွဲမြို့နယ် မြပြင်ကျေးရွာ မူလတန်းလွန်ကျောင်း ပညာ့ပျိုးခင်းစာဖတ်အသင်းက ကြီးမှူးကျင်းပသည့် စာဆိုတော်နေ့ အထိမ်းအမှတ် နံရံကပ်စာစောင်ဖွင့်ပွဲနှင့် စာပေဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ရက် မွန်းတည့် ၁၂နာရီက မြပြင်ကျေးရွာ မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ဆောင်ရွက်နိုင်

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပညာ့ပျိုးခင်း စာဖတ်အသင်းဥက္ကဋ္ဌ ဆရာဦးရဲဝင်းက နံရံကပ်စာစောင်ဖွင့်ပွဲနှင့် စာပေဟောပြောပွဲဆောင်ရွက်ပုံ အဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာ့ပျိုးခင်း နံရံကပ်စာစောင်ကို စာရေးဆရာနွမ်ဂျာသိုင်းနှင့် ဆရာမသန်းမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဟောပြော

ဆက်လက်၍ စာပေဟောပြောပွဲ ကျင်းပရာ စာရေးဆရာကောင်းသန့်က ပညာခေတ်မှာပညာရှာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမ သန်းမြင့်အောင်က လူငယ်နှင့် ပရဟိတ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာနွမ်ဂျာသိုင်းက စာရေးသူမှ စာဖတ်သူသို့ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။ **(ခရိုင် ပြန်/ဆက်)**



ကယားပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဖြူ ဇန်နဝါရီ ၂၁ရက်က ဖားဆောင်း-မယ်စဲ့လမ်း ကျောက်ချောလမ်း ဆောင်ရွက်နေမှုကို သွားရောက်စစ်ဆေးရာ မြို့နယ်အင်ဂျင်နီယာ ဦးကျော်ဆွေက ရှင်းလင်းတင်ပြစဉ်။ (ဆောက်လုပ်ရေး)

ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ကျောက်စရစ်ကန်-ကန်ရပ်မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်နီနီအောင် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင် ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝ တည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အေးမြသာယာကျေးရွာ စက်ရေတွင်း ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် အငယ်တန်း အင်ဂျင်နီယာ-၂ ဦးကျော်ဇေလတ်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဗန်းမော်မြို့ အထက(၁)တွင် ပညာပေးဟောပြော

ဗန်းမော် ဖေဖော်ဝါရီ ၉

ဗန်းမော်ခရိုင်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီကကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၅ရက် မွန်းလွဲ ၂နာရီက ဗန်းမော်မြို့ အထက(၁) အောင်တံခွန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသောင်းဖေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားပြီး **(အပေါ်ပုံ)** ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနခရိုင်ဦးစီးမှူး ဦးမြင့်အောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် စီးနင်းသူများ လိုက်နာရန် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

သိကောင်းစရာများ

ဆက်လက်၍ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက ယာဉ်လိုင်စင်အကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မူးယစ် (အထူး) တပ်ဖွဲ့မှ ရဲအုပ်ကျော်ညွန့်က မူးယစ်ဆေးဝါး သုံးစွဲသူများထိန်းချုပ်ရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ်အကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးကျော်ကျော်က မီးဘေးကာကွယ်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးထွန်းနိုင်က ပြစ်မှုနှင့် ပြစ်ဒဏ်အကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေးဆရာဝန် ဒေါက်တာဆိုင်းနန်က ကျန်းမာရေးပညာပေးအကြောင်းတို့ကိုလည်းကောင်း ဟောပြောကြသည်။ **(ခရိုင် ပြန်/ ဆက်)**



တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာဟောပြောပွဲ ဆိပ်ဖြူမြို့၌ကျင်းပ

ဆိပ်ဖြူ ဖေဖော်ဝါရီ ၁၀

ဆိပ်ဖြူမြို့နယ်၂၀၁၀ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေး အထောက်အကူပြုဘာသာရပ်ဆိုင်ရာ ဟောပြောပွဲများကို ဇန်နဝါရီ ၃၀ရက်မှ ၃၁ရက် အထိ ဆိပ်ဖြူမြို့ အထက (နဝရတ်ခန်းမ) နှင့် မူလတန်းကျောင်းဆောင် အနောက်ပိုင်း အမကခန်းမတို့၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးဗိုလ်ငွေးက အမှာစကားပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အထောက်အကူပြုသင်ကြားပို့ချကြရာ မြန်မာစာဘာသာရပ်ကို ရေနံချောင်း ဒီဂရီကောလိပ် တွဲဖက်ပါမောက္ခ ဦးငွေးအောင်ကလည်းကောင်း၊ အင်္ဂလိပ်စာဘာသာရပ်ကို လက်ထောက်ကထိက ဒေါ်မြင့်မြင့်သီက လည်းကောင်း၊ သင်္ချာဘာသာရပ်ကို ကထိကဦးငွေးအောင်က လည်းကောင်း၊ ဓာတုဗေဒဘာသာရပ်ကို သရုပ်ပြ ဒေါ်သန္တာကလည်းကောင်း၊ ရူပဗေဒဘာသာရပ်ကို လက်ထောက်ကထိက ဒေါ်နွဲ့နွဲ့ကြည်ကလည်းကောင်း၊ ရုက္ခဗေဒဘာသာရပ်ကို ကထိကဒေါက်တာလွယ်လွယ်ဦးကလည်းကောင်း၊ သတ္တဗေဒဘာသာရပ်ကို ကထိက ဒေါ်မြင့်မြင့်တို့က လည်းကောင်း ဟောပြောပို့ချကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေး အထောက်အကူပြုဘာသာရပ်ဆိုင်ရာဟောပြောပွဲသို့ ဆိပ်ဖြူမြို့နယ် အတွင်းရှိ အထက၊ အထကခွဲနှင့် တွဲဖက် အထကများရှိ ကျောင်းသားကျောင်းသူ စုစုပေါင်း ၇၈၂ဦး တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မကွေး တိုင်းရင်းဆေးရုံသို့ ငွေလှူဒါန်း

မကွေး ဖေဖော်ဝါရီ ၁၀

မကွေးတိုင်း တိုင်းရင်းဆေးပညာဦးစီးဌာန မကွေးတိုင်းရင်းဆေးရုံသို့ အလှူရှင် ဒုတိယအရာခံဗိုလ်နိုင်လင်းအောင်-ဒေါ်မိုးမိုးမိသားစုက အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၀ရက် မွန်းလွဲ ၁နာရီတွင် မကွေးတိုင်းရင်းဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရင်းဆေးရုံ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးစိန်လှိုင်၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းဦးစီးဌာနမှူး ဒေါ်ကြူကြူနှင့် ဆေးရုံကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မကွေးတိုင်းရင်း ဆေးရုံအုပ် ဦးအောင်စိုးနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

အလှူငွေပေးအပ်ပွဲတွင် ဆေးရုံကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်လှိုင်က အမှာစကား ပြောကြားပြီး အလှူရှင် ဒုတိယအရာခံဗိုလ်နိုင်လင်းအောင်၊ ဒေါ်မိုးမိုးမိသားစုက လှူဒါန်းရသည့်အကြောင်း ရှင်းလင်းပြောကြားကာ ကျွန်းဆက်တီ တစ်စုံအတွက် ငွေကျပ် နှစ်သိန်းငါးသောင်း၊ မကွေးတိုင်းရင်းဆေးရုံ လျှပ်စစ်မီးလင်းရေး အတွက် ငွေကျပ်ငါးသိန်းကို လှူဒါန်းရာ ဆေးရုံအုပ်ဦးအောင်စိုးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်ခဲ့သည်။ **(တိုင်းရင်းဆေး)**

ငါးသယံဇာတတိုးပွားရေး ပညာပေးဆွေးနွေး

မြောင်းမြ ဖေဖော်ဝါရီ ၈

ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)၏ ညွှန်ကြားမှု၊ ဧရာဝတီတိုင်းငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးမျိုးအောင်၏ ကြီးကြပ်မှုဖြစ် ဧရာဝတီတိုင်း မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်တို့ ပူးပေါင်း၍ ခရိုင်နှစ်ခု အစပ်ကြား၌ ရေလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော တူးမြောင်းမြို့သစ်တွင် ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁ရက်က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လပွတ္တာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ဝင်းက အမှာစကား ပြောကြားသည်။

ပညာပေးဆွေးနွေး

ထို့နောက် မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမင်းနောင်က ငါးမျိုးများ ပြုန်းတီးမသွားစေရန်၊ ငါးရစ် ငါးသန်များကို မဖမ်းဆီးကြရန်နှင့် ဒေသအခေါ် ပိုက်စိမ်း(ဇာပြာ) ပိုက်များဖမ်းဆီးသုံးစွဲခြင်း၊ ဘက်ထရီရှော့ရိုက် ဖမ်းဆီးခြင်း၊ အဆိပ်ဆေးချခြင်း၊ မိုင်းခွဲခြင်းစသည့် ငါးဖမ်းစနစ်များမသုံးစွဲကြရန်၊ သတ်မှတ်ပိုက်ကွက်ထက် သေးငယ်သည့် ငါးဖမ်းကိရိယာများကို မသုံးစွဲရန်၊ ဒီရေတောများ၏ ဂေဟစနစ်အပေါ် မှီခိုအားထား ကျက်စားသည့် ရေနေသက်ရှိသတ္တဝါများ၏ မျိုးသုဉ်းနိုင်သော အခြေအနေများ ရှင်းလင်းပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာနမှ ချမှတ်ထားသော ဥပဒေနှင့် စည်းကမ်းချက်များကို လေးစားလိုက်နာကြရန်ပညာပေးဆွေးနွေးပြောကြားသည်။

အခမဲ့ဖြန့်ဖြူး

ဆက်လက်၍ ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဖြူးပေးပြီး ငါးလုပ်ငန်းဦးစီးဌာနမှ ရိုက်ကူးထားသည့် ငါးသယံဇာတထိန်းသိမ်းရေး ပညာပေး ဗီဒီယိုဗွီစီဒီမှတ်တမ်းအခွေချပ်များကို ကျေးရွာရေလုပ်သားများသို့ အခမဲ့ ဖြန့်ဝေပေးသည်။

ကြီးကြပ်ဆောင်ရွက်

ဖေဖော်ဝါရီ ၂ရက်တွင် မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမင်းနောင်နှင့် လပွတ္တာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ဝင်းတို့သည် မြောင်းမြခရိုင်၊ လပွတ္တာခရိုင်၊ ပုသိမ်ခရိုင် နယ်မြေဆက်စပ်လျက်ရှိသော ဝေန်မြစ်ကြောင်းတစ်လျှောက် ငါးသယံဇာတ ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ ကွင်းဆင်းစစ်ဆေး ကြီးကြပ်ဆောင်ရွက်သည်။ **(ခရိုင် ပြန်/ဆက်)**

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်း ဗဟန်းမြို့နယ်၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃၀ရက်က အထက(၂) ဗဟန်းကျောင်း အားကစားခန်းမ၌ကျင်းပရာ မြို့နယ်ကာယအလှမယ်ပြိုင်ပွဲတွင် ပထမဆုရရှိသော အထက(၂) ဗဟန်းမှ အဋ္ဌမတန်း ကျောင်းသူ မရွှေမဝအား မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ကြည်က ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မေဃဝတီမာန်အောင်ကျွန်းကို အနားသတ်ပေးထားသည့်

မာန်အောင်ကျွန်းပတ်လမ်းဖွင့်ပွဲသို့ တစ်ခေါက်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

၂၀၁၀ခုနှစ် နှစ်ဆန်းသည်နှင့် သတင်းလုပ်ငန်းတာဝန်များဖြင့် ခရီးလမ်းပန်းက များလှသည်။ သွားခဲ့ရသည့် ဒေသများက ဘားအံ၊ မော်လမြိုင်၊ မြိတ်နှင့် ကော့သောင်းတို့ဖြစ်သည်။ သွားရသည့်အကြောင်းများက ဒေသဖွံ့ဖြိုးရေး ဆောင်းပါးများနှင့် သတင်းကိစ္စများ ဖြစ်သည်။ သွားရသည့်အချိန်ကာလက နှစ်ဆန်းကာလ ဆောင်းရာသီဖြစ်နေသည့်အတွက် ခရီးစဉ်များတစ်လျှောက် ပင်ပန်းနွမ်းနယ်မှု သိပ်မရှိခဲ့။ ခရီးစဉ်များတစ်လျှောက် ဒေသများ၏ ဖွံ့ဖြိုးတိုးတက်လာနေမှု ပုံရိပ်များသည်လည်း တစ်နှစ်နှင့်တစ်နှစ် မတူညီတော့ဘဲ ပိုမိုဖွံ့ဖြိုးတိုးတက်လာနေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရပြန်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

အပန်းဖြေစခန်း တစ်ခုကဲ့သို့ သာယာလှပနေသည့် ပင်လယ်ကမ်းခြေတစ်ခုကို ကျွန်းပတ်လမ်းကြီးအနီး၌ ဤသို့ တွေ့မြင်နိုင်သည်။
ဓာတ်ပုံမှတ်တမ်း-သာဉာဏ် (သတင်းစဉ်)

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း
သာဉာဏ် (သတင်းစဉ်)
စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

မီးအန္တရာယ် ကြောက်မက်ဖွယ်၊ မှုချမီးဘေး စဉ်ကင်းဝေး